၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၆)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက်လည်း စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

## အမှာစကားပြောကြား

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားကျန်းမာရေးကော်မတီ (၄၂)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)





# နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံမှတည်ဆောက်ရာတွင် နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရန်လို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိ

## အမျိုးသားကျန်းမာရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကိုလည်း တစ်ဆက်တစ်စပ်တည်းအကောင်အထည်ဖော်နေ

## လုပ်ငန်းတာဝန်များ အောင်မြင်စွာဖော်ဆောင်နိုင်ရေး တာဝန်ရှိသူများနှင့်ဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်

ရန်ကုန် နိုဝင်ဘာ ၄

အမျိုးသားကျန်းမာရေးကော်မတီ (၄၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ အမျိုးသားကျန်းမာရေးကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

5-11 (01).p65 1 3/29/05, 9:24 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

# အမျိုးသားရေးကိုယ်ခံစွမ်းအားများ တောင့်တင်းခိုင်ခံ့ရန်ကြိုးပမ်း တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုမှ ကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြန်မာ့သမိုင်းအစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ မြန်မာ့စံထားမှုတို့နှင့် ဆီလျော်ကိုက်ညီသည့် တရားမျှတညီညွတ်သော၊ အလားအလာကောင်းများ ပြည့်ဝနေသော အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် စတင်လျှောက်လှမ်းနေပြီဖြစ်သည်။

ယနေ့အခိုင်အမာ ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ခိုင်ခိုင်မြဲမြဲ ဆက်လက်လျှောက်လှမ်းသွားနိုင်စေရန် အာမ ခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်ကြီး၏ အနာဂတ်ကို ဖန်တီးဖော်ဆောင်ရာတွင် မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့တန်ဖိုး၊ မြန်မာ့စံထားမှုများနှင့်အညီ တည်ဆောက်နိုင်ရန်အတွက် မြန်မာ့ယဉ်ကျေးမှု အနုပညာစွမ်းပကားဖြင့် တစ်ဖက်တစ်လမ်းက ကြိုးပမ်းစွမ်းဆောင်ကြရန် လိုအပ်ပေသည်။

၂၀၀၄ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား၌ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာတွင်-

**"ယနေ့ခေတ်ကာလမှာ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ရောယှက်မှုများဟာ ယခင်ခေတ်ကာလကလို သာမန်ထိတွေ့ရောယှက်မှုမျိုးမဟုတ်တော့ဘဲ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာတွေ၊ လူမှုတန်ဖိုးတွေ၊ လူ့ကျင့်ဝတ်နဲ့ အမျိုးသားရေးစံထားမှုတွေကို မေးမှိန်လျော့ပါးစေပြီး တိုင်းတစ်ပါးဓလေ့စရိုက်၊ အတွေးအခေါ်၊ အမူအကျင့်နဲ့ လူမှုတန်ဖိုးများ တဖြည်းဖြည်းချင်း လွှမ်းမိုးကြီးစိုးလာစေရအောင် ရည်ရွယ်ချက်ရှိရှိနဲ့ ဦးတည်ကြိုးပမ်း လုပ်ဆောင်နေကြခြင်းဖြစ်တယ်ဆိုတာကို အမျိုးသားရေးသတိနဲ့ သိမြင်ထားကြဖို့ အထူးလိုအပ်လျက်ရှိပါတယ်"**

ဟု ပြောကြားသွားသည်။

နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခဲ့သည့် မြန်မာ့မူ၊ မြန်မာ့ဟန် အမျိုးသားရေးအားမာန်များကို ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပပေးခြင်းအားဖြင့် ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးလျက် ရှိသည်။

နိုင်ငံတော်အစိုးရက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အပါအဝင် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်မြှင့်တင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရင်း မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားခဲ့ထည်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားထည်ဝါမှုနှင့် တရားမျှတညီညွတ်သည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ဂုဏ်သရေတို့ကိုပြန်လည်ဖော်ထုတ် မြှင့်တင်ပေးနေခြင်းဖြစ်သည်။

ထိုသို့ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးရာမှ ပေါက်ဖွားလာသည့် အမျိုးသားရေးစိတ်ဓာတ်များသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို အချိန်ကာလမရွေး ကာကွယ်စောင့်ရှောက်နိုင်သည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများအဖြစ် ပြည်သူများအကြားတွင် ပိုမိုတိုးပွားခိုင်ခံ့လာမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုများမှ ကာကွယ်နိုင်ရန်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စိတ်သန္တာန်တွင် အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပိုမိုတောင့်တင်းခိုင်ခံ့နေစေရန် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၅-၁၁-၂၀၀၄

(သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၄း၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The General Characteristies of Indian Philosophy (ဒုတိယနှစ်၊ ဒဿနိကဗေဒ)
၅း၃၅ ၁၀။ ပညာခေတ်
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း-၁၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၁၇)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အောက်တိုဘာ၃၁ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် မယ်ဆိုင်ချောင်းတစ်လျှောက် ဥယျာဉ်ခြံစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

# မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအရှိန်အဟုန်မြှင့်တင်

## နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပုသိမ်၌ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၄

**ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ပုသိမ်ခရိုင်နှင့်မြောင်းမြခရိုင်တို့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့်တွေ့ဆုံကာ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် မှာကြားသည်။**

### ဂုဏ်ပြုဆုငွေ ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးအဖွဲ့ဝင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်ငါးခရိုင်နှင့် မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားကာ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဧရာဝတီတိုင်းအတွင်းရှိ စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ်က ပံ့ပိုးပေးသော စစ်မှုထမ်းဟောင်းဝတ်စုံများကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ခရိုင်စည်းရုံးရေးကော်မတီဥက္ကဋ္ဌများနှင့် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌများက စစ်မှုထမ်းဟောင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍တင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင်နှင့် မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများအားတွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပုသိမ်မြို့မှ ကန်ကြီးထောင့်မြို့သို့ရောက်ရှိပြီး ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းများ ပြုပြင်ဆောင်ရွက်မှုကိုလည်းကောင်း၊ ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မြို့တွင်းလမ်းခင်းခြင်းလုပ်ငန်း၊ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပန်းတနော်မြို့သို့ရောက်ရှိ၍ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မြို့သာယာလှပရေးကိစ္စများ ဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖြူးဆရာတော်တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၄**

ပြည်တွင်းပြည်ပ သာသနာပြု နိုင်ငံကျော်ဓမ္မကထိက ဗဟုဇနဟိတရေ ဖြူးဆရာတော်ဘဒ္ဒန္တ နရပတိသည် ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၌(၁၁)ကြိမ်မြောက် ဦးသန်းမင်း-ဒေါ်စန်းမြင့်ရီ မိသားစုတို့၏ ကထိန်ဒါနပွဲတွင် နိုဝင်ဘာ ၂၀ရက်နှင့် ၂၁ရက် များ၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

(ယမန်နေ့ကအဆက်)

၁၀။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများကို ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်း ပြုလုပ်ပေးရန်ဖြစ်လျှင် ပုဒ်မ ၁၂ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြပါရှိစေရမည်။

(က) စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများ၏ အမျိုးအစားနှင့် တည်ရှိရာ နေရာ၊

(ခ) လက်ဝယ်ရှိသူ၏ နေရပ်လိပ်စာ၊ ထိုနေရပ်လိပ်စာတွင်ရှိကြောင်း ယုံကြည်လောက်သည့် အကြောင်းပြချက်၊

(ဂ) အကူအညီတောင်းခံသည့်နိုင်ငံတွင် ကျူးလွန်သည့်ပြစ်မှုအတွက် စုံစမ်းထောက်လှမ်းခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း၌ သက်သေခံချက်အဖြစ် တင်သွင်းလိုသော အကြောင်းပြချက်၊

(ဃ) ရှာဖွေခြင်း သို့မဟုတ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အချက်များရှိပါက ယင်းအချက်များအား ဖော်ပြချက်၊

(င) အခြားသူ၏ အခွင့်အရေးရှိပါက သိသမျှသောသတင်းအချက်အလက် ဖော်ပြချက်၊

(စ) ကွန်ပျူတာမှတ်တမ်းများ ထုတ်ပေးရန်ဖြစ်ပါက ယင်းမှတ်တမ်းများကိုပယ်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း အန္တရာယ်ကို ထည့်သွင်းစဉ်းစားပြီး ကွန်ပျူတာမှတ်တမ်းများ မူလအခြေအနေအတိုင်း ရှိစေရေးအတွက် လုံခြုံစိတ်ချမှု ရှိစေရန်နှင့် အာမခံချက်ရှိစေရန် လိုအပ်သည့်အထူးအမိန့်၊

(ဆ) စာတမ်းအမှတ်အသားနှင့် မှတ်တမ်းမူရင်း သို့မဟုတ် မိတ္တူမှန်(ရှိလျှင်)၊

(ဇ) သက်သေခံလက်မှတ် သို့မဟုတ် အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုချက်ကို သတ်မှတ်ပုံစံဖြင့် ရယူလိုပါက ယင်းနမူနာပုံစံ၊

(ဈ) တောင်းခံသည့် စာတမ်းအမှတ်အသားတစ်ခုခုနှင့် စပ်လျဉ်း၍ ဥပဒေ၏ အထူးအခွင့်အရေးတစ်ရပ်ရပ်ရှိပါက ယင်းအခွင့်အရေး။

၁၁။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် လူပုဂ္ဂိုလ်တစ်ဦးဦးရှိနေသည့် နေရာကို စုံစမ်းပေးရန် အကူအညီတောင်းခံခြင်းဖြစ်လျှင် ဥပဒေပုဒ်မ ၁၂ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြပါရှိစေရမည်-

(က) ယင်းပုဂ္ဂိုလ်၏ အမည်နှင့်ယင်းပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားသည့် အချက်အလက်များ၊

(ခ) နေရပ်လိပ်စာနှင့် ယင်းပုဂ္ဂိုလ်နေထိုင်သည်ဟု ယုံကြည်ရသော ခိုင်လုံသည့်အချက်အလက်များ၊

(ဂ) အကူအညီတောင်းခံသည့်နိုင်ငံတွင် ဖြစ်ပွားသည့်ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ်ပါဝင်ပတ်သက်မှုများ။

၁၂။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် မေးမြန်းစုံစမ်းရန် သို့မဟုတ် သက်သေခံချက် ရယူရန်ဖြစ်လျှင် ဥပဒေပုဒ်မ ၁၂ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြပါရှိစေရမည်-

(က) သက်သေအားမေးမြန်းစေလိုသည့် မေးခွန်းနှင့် အချက်အလက်များ၊

(ခ) မြန်မာနိုင်ငံတရားရုံးတွင် မေးမြန်းစုံစမ်းရန် သို့မဟုတ် သက်သေခံချက် ရယူရန်ဖြစ်လျှင် အကူအညီတောင်းခံသည့်နိုင်ငံတွင် တိုင်တန်းခဲ့သည့် တိုင်ချက်၊ စွပ်စွဲချက် သို့မဟုတ် ဦးတိုက်လျှောက်လွှာမိတ္တူ။

၁၃။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်အရ ဆောင်ရွက်ပေးသော သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများနှင့် စပ်လျဉ်း၍-

(က) ဆောင်ရွက်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏တာဝန်ခံအရာရှိသည် အင်္ဂလိပ်ဘာသာပြန်ဆိုချက်၏ စာမျက်နှာအသီးသီးတွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး ဗဟိုအာဏာပိုင်အဖွဲ့သို့ ပေးပို့ရမည်။

(ခ) ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေခွဲ(က)အရ ပေးပို့သော စာတမ်းအမှတ်အသားများ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို စိစစ်ပြီး **စာတမ်းအမှတ်အသားများ ဘာသာပြန်ဆိုချက် မှန်ကန်ကြောင်း သက်သေခံလက်မှတ် (ပုံစံ-၂)**ဖြင့်လည်းကောင်း၊ **စာတမ်းအမှတ်အသားများ မှန်ကန်ကြောင်း သက်သေခံလက်မှတ် (ပုံစံ-၃)** ဖြင့်လည်းကောင်း အကူအညီတောင်းခံသည့် နိုင်ငံသို့ အဆိုပါသက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများ ပူးတွဲ၍ ပေးပို့ရမည်။

**အခန်း(၄)**

**ကျွမ်းကျင်သူ သို့မဟုတ် အခြားသူအား**

**သက်သေခံချက်၊ ထွက်ဆိုချက်ပေးရန် စေလွှတ်ခြင်း**

၁၄။ ပြည်ပနိုင်ငံသည် ဤနည်းဥပဒေများ၏ အခန်း(၂)နှင့် (၃)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကူအညီတောင်းခံရာတွင် ကျွမ်းကျင်သူ တစ်ဦးဦးအား သက်သေအဖြစ်လည်းကောင်း၊ အခြားသူတစ်ဦးဦးအား သက်သေအဖြစ်လည်းကောင်း သက်သေခံရန် အကူအညီတောင်းခံခြင်းဖြစ်ပါက အကူအညီတောင်းခံသည့် နိုင်ငံသို့ ထိုပုဂ္ဂိုလ်ရောက်ရှိစေလိုသည့်ရက်ကို ကြိုတင်ညှိနှိုင်းပြီး ဆင့်ခေါ်စာကိုပေးပို့ရမည်။

၁၅။ နည်းဥပဒေ ၁၄အရ သက်သေအဖြစ် သက်သေခံရန် ဖိတ်ခေါ်ရာတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(က) ယင်းပုဂ္ဂိုလ်၏ လုံခြုံရေးအစီအစဉ်၊

(ခ) ယင်းပုဂ္ဂိုလ်အတွက်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်နှင့်အတူ လိုက်ပါမည့်ပုဂ္ဂိုလ်ရှိပါက အဆိုပါပုဂ္ဂိုလ်အတွက်လည်းကောင်း လျော်ကန်သင့်မြတ်သည့် ခွင့်ပြုငွေ၊ ခရီးသွားလာစရိတ်နှင့် အထွေထွေကုန်ကျစရိတ်။

၁၆။ ပြည်ပနိုင်ငံတွင် သက်သေတစ်ဦးအဖြစ် သက်သေခံချက်ပေးမည့် သက်သေသည် ပြည်ပနိုင်ငံ၏ ဥပဒေ အရ သက်သေခံချက် ပေးရန်ငြင်းဆိုနိုင်သည့် အခွင့်အရေးရှိကြောင်း ယင်းနိုင်ငံမှ အခွင့်အာဏာရှိသူက ထောက်ခံချက်ပေးလျှင် သက်သေထွက်ဆိုချက်ပေးရန် ငြင်းဆိုနိုင်သည်။

**အခန်း (၅)**

**အချုပ်ဖြင့်ရှိသူကို သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် ယာယီလွှဲပြောင်းပေးခြင်း**

၁၇။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် မြန်မာနိုင်ငံ၌ အချုပ်ဖြင့်ရှိသူကို အကူအညီတောင်းခံသည့် နိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရေးအတွက် လွှဲပြောင်းပေးရန်ဖြစ်ပါက ဥပဒေပုဒ်မ ၁၂ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြပါရှိစေရမည်-

(က) အချုပ်ဖြင့်ရှိသူ၏ အမည်နှင့် ထိန်းသိမ်းထားသည့် နေရာ၊

(ခ) အကူအညီတောင်းခံသည့် နိုင်ငံတွင် ကြားနာစစ်ဆေးလျက်ရှိသောအမှုနှင့် ဆက်စပ်နေသော အကြောင်းခြင်းရာများ၊

(ဂ) ယင်းပုဂ္ဂိုလ်ထံမှ သက်သေခံချက်ရယူရန် လိုအပ်သော အချက်များ၊

(ဃ) ဥပဒေ၊ စာချုပ် သို့မဟုတ် မြန်မာနိုင်ငံနှင့် အကူအညီတောင်းခံသည့် နိုင်ငံတို့၏ တာဝန်ယူချက်များအရ ယင်းပုဂ္ဂိုလ်ရရှိနိုင်သည့် အခွင့်အရေးများနှင့် တာဝန်များ။

၁၈။ ဗဟိုအဖွဲ့သည် အကူအညီပေးရန် ဆုံးဖြတ်ပါက **"အချုပ်ဖြင့်ရှိသူကို အကူအညီတောင်းခံသည့် နိုင်ငံသို့ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် ယာယီလွှဲပြောင်းခြင်း" (ပုံစံ-၄)**ဖြင့် အချုပ်ဖြင့်ရှိသူ၏ ဆန္ဒသဘောထားရယူနိုင်ရန် ယင်းပုဂ္ဂိုလ်ကို ချုပ်နှောင်ထားသော သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ဗဟိုအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အကူအညီတောင်းခံသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးရမည်။

၁၉။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဗဟိုအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အပြင် အကူအညီတောင်းခံသည့် နိုင်ငံရှိ သက်ဆိုင်သော ဥပဒေ၊ စာချုပ် သို့မဟုတ် တာဝန်ယူချက်များနှင့်အညီ အကူအညီတောင်းခံချက်ကို အချုပ်ဖြင့်ရှိသူအား ရှင်းလင်းပြောကြားပြီး အချုပ်ဖြင့်ရှိသူက အကူအညီတောင်းခံသည့် နိုင်ငံသို့ သွားရောက်၍ အကူအညီပေးလိုခြင်း ရှိမရှိ ဆန္ဒသဘောထားနှင့် အချက်အလက်အပြည့်အစုံကို သတ်မှတ်ပေးသည့် ကာလအတွင်း **(ပုံစံ-၄)** ဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ ပြန်လည်ပေးပို့ရမည်။

၂၀။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၁၉အရ ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်း၍ အချုပ်ဖြင့်ရှိသူက သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် သဘောတူလျှင် အကူအညီတောင်းခံသည့် နိုင်ငံသို့ အသိပေးအကြောင်းကြားရမည်။ ယင်းအကြောင်းကြားစာမိတ္တူကို အချုပ်ဖြင့် ရှိသူနှင့် ယင်းပုဂ္ဂိုလ်အား ယာယီလွှဲပြောင်းပေးရမည့် အစိုးရဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

၂၁။ အချုပ်ဖြင့်ရှိသူက အကူအညီတောင်းခံသည့် နိုင်ငံသို့ သွားရောက်ပြီး သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် သဘောတူပြီးနောက် မြန်မာနိုင်ငံမှ မထွက်ခွာမီ ယင်းသဘောတူချက်ကို စာဖြင့်ရေးသားတင်ပြ၍ ပြန်လည်ရုပ်သိမ်းခဲ့လျှင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်။

၂၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၂၁အရ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်ကို ရရှိလျှင် ယင်းသို့ သဘောတူညီချက်အား ပြန်လည်ရုပ်သိမ်းကြောင်းကို အကူအညီတောင်းခံသည့် နိုင်ငံသို့ ချက်ချင်း အသိပေးအကြောင်းကြားရမည်။

၂၃။ ဗဟိုအာဏာပိုင်အဖွဲ့သည် အချုပ်ဖြင့်ရှိသူအား သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် အကူအညီတောင်းခံသည့် နိုင်ငံသို့ ယာယီလွှဲပြောင်းပေးရေးအတွက် သင့်လျော်သော အရာရှိတစ်ဦးက တာဝန်ယူကြီးကြပ်ဆောင်ရွက်စေရန် အကူအညီတောင်းခံချက်နှင့်လိုအပ်သော စာရွက်စာတမ်းများ ပေးပို့၍ အချုပ်ဖြင့် ရှိသူကို ယာယီလွှဲပြောင်း ပေးအပ်ရမည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် အကူအညီတောင်းခံသည့်နိုင်ငံက အချုပ်ဖြင့်ရှိသူ၏ သက်သေခံချက်၊ ထွက်ဆိုချက်၊ သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ကို ရယူပြီးနောက် မြန်မာနိုင်ငံသို့ ထိုသူအား ပြန်လည်လွှဲပြောင်းပေးရန် အကြောင်းကြားလာပါက ပြန်လည်လက်ခံနိုင်ရေးအတွက် လွှဲပြောင်းပေးခဲ့သော အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၅။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည်-

(က) အချုပ်ဖြင့်ရှိသူအား ပြန်လည်လက်ခံရေးအတွက် ဗဟိုအာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်နှင့် အညီ ဆောင်ရွက်ရမည်၊

(ခ) အချုပ်ဖြင့်ရှိသူအား ပြန်လည်လက်ခံပြီးပါက ဗဟိုအာဏာပိုင်အဖွဲ့သို့ ချက်ချင်း အစီရင်ခံတင်ပြရမည်။

၂၆။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်အရ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် ယာယီလွှဲပြောင်းထားသော စာချုပ်ဖြင့်ရှိသူအား ဆက်လက်ချုပ်ထားရန် မလိုတော့ပါက ထိုသူအား အချုပ်မှလွှတ်ရန် သက်ဆိုင်ရာနိုင်ငံ၏ အာဏာပိုင်ထံ ချက်ချင်းအကြောင်းကြားရမည်။

**အခန်း (၆)**

**မြန်မာနိုင်ငံက အကူအညီ တောင်းခံခြင်း**

၂၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် ပြည်ပနိုင်ငံတစ်ခုခုသို့ ဥပဒေ ပုဒ်မ ၁၁ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံလိုပါက ခွင့်ပြုချက်ရရှိရန် ဥပဒေပုဒ်မ ၁၂ပါလိုအပ်သည့် အချက်များကို ဖော်ပြ၍ **ပြည်ပနိုင်ငံ၏ အာဏာပိုင်ထံသို့ အကူအညီတောင်းခံပေးရန် တင်ပြခြင်း (ပုံစံ-၅)** ဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်။

၂၈။ ဗဟိုအာဏာပိုင်အဖွဲ့သည်-

(က) ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံပေးရန် နည်းဥပဒေ ၂၇ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုပါက ဥပဒေပုဒ်မ ၃၄နှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) အရေးပေါ်ကိစ္စတွင် အကူအညီ တောင်းခြင်းခံရမည့် ပြည်ပနိုင်ငံနှင့် သဘောတူညီချက်ရှိပါက နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ရဲတပ်ဖွဲ့မှ တစ်ဆင့် ယင်းနိုင်ငံ၏ အာဏာပိုင်ထံ အကူအညီတောင်းခံနိုင်သည်။

၂၉။ ဗဟိုအာဏာပိုင်အဖွဲ့သည် အောက်ပါအချက်များ ပေါ်ပေါက်လျှင် ပြည်ပနိုင်ငံရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို မြန်မာနိုင်ငံတွင် လာရောက်သက်သေခံချက်ပေးရန် သို့မဟုတ် အကူအညီပေးရန် ယင်းနိုင်ငံ၏ အာဏာပိုင်ထံသို့ **ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အကူအညီပေးရန် တောင်းခံခြင်း (ပုံစံ-၆)** သို့မဟုတ် ယင်းနိုင်ငံက သတ်မှတ်ထားသော ပုံစံဖြင့် အကူအညီ တောင်းခံနိုင်သည်-

(က) ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်က သက်သေခံချက် သို့မဟုတ် အကူအညီကို ပေးနိုင်သည်ဟု ယုံကြည်လောက်သော အကြောင်းရှိခြင်း၊

(ခ) ယင်းပုဂ္ဂိုလ်က မြန်မာနိုင်ငံသို့ လာရောက်သက်သေခံရန် သို့မဟုတ် ကူညီရန် သဘောတူခြင်း။

၃၀။ ဗဟိုအာဏာပိုင်အဖွဲ့သည် သက်သေခံချက်ပေးမည့် သို့မဟုတ် အကူအညီပေးမည့် ပုဂ္ဂိုလ် မြန်မာနိုင်ငံသို့ လာရောက်ရေး၊ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရေးနှင့် အခြားစပ်ဆိုင်သည့် ကိစ္စများ စီမံဆောင်ရွက်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ တာဝန်ပေးအပ်ရမည်။

**အခန်း(၇)**

**မြန်မာနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ရယူရန်**

**ပြည်ပနိုင်ငံရှိ အချုပ်ဖြင့်ရှိသူကို ယာယီလွှဲပြောင်းရယူခြင်း**

၃၁။ ပြည်ပနိုင်ငံတွင် အချုပ်ဖြင့် ရှိသူ၏ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ကို မြန်မာနိုင်ငံတွင် ရယူလိုသော အစိုးရဌာန၊ အဖွဲ့အစည်းသည် ဥပဒေပုဒ်မ ၁၂ပါ လိုအပ်သော အချက်များအပြင် အောက်ပါအချက်များကိုလည်း ဖော်ပြ၍ ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်-

(က) အချုပ်ဖြင့်ရှိသူကို ခေါ်ယူရန် အသေးစိတ်အစီအစဉ်၊

(ခ) လိုအပ်သည့် စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများ။

၃၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၃၁အရ တင်ပြချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး ပြည်ပနိုင်ငံရှိ အချုပ်ဖြင့်ရှိသူကို သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက် ရယူထိုက်ကြောင်း ဆုံးဖြတ်ပါက ယင်းပုဂ္ဂိုလ်အား သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက် ရယူနိုင်ရေးအတွက် ယာယီလွှဲပြောင်းပေးရန် ပြည်ပနိုင်ငံသို့ အကူအညီတောင်းခံပေးရမည်။

၃၃။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတွင် အချုပ်ဖြင့်ရှိသူက မြန်မာနိုင်ငံတွင် သက်သေခံချက်၊ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် သဘောတူညီသဖြင့် သက်ဆိုင်ရာ ပြည်ပနိုင်ငံက မြန်မာနိုင်ငံသို့ အကူအညီပေးမည်ဖြစ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ အောက်ပါအချက်များကို ဆောင်ရွက်ရန် ညွှန်ကြားရမည်-

(က) ပြည်ပနိုင်ငံတွင် အချုပ်ဖြင့်ရှိသူ ပြည်ဝင်ခွင့်ရရှိရန်ဆောင်ရွက်ခြင်းနှင့် ယာယီလွှဲပြောင်းရယူခြင်း၊

(ခ) ယင်းပုဂ္ဂိုလ်ကို မြန်မာနိုင်ငံတွင် သင့်လျော်သည့်နေရာ၌ ဆက်လက် ချုပ်နှောင်ထားခြင်း၊

(ဂ) ယင်းပုဂ္ဂိုလ်၏ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက် ရယူခြင်း။

၃၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ၃၃ပါ အချက်များကို ဆောင်ရွက်ပြီးစီးလျှင် ထိုသူအား သက်ဆိုင်ရာ ပြည်ပနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ညွှန်ကြားရမည်။

၃၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးသည့် အချုပ်ဖြင့်ရှိသူကို ချုပ်နှောင်ထားရန် မလိုအပ်တော့ကြောင်း ပြည်ပနိုင်ငံက အကြောင်းကြားလျှင် ထိုပုဂ္ဂိုလ်ကို အချုပ်မှလွှတ်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ဆက်လက်ဖော်ပြပါမည်)

# နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာကိစ္စရပ်များ

## တရုတ်နှင့် အီသီယိုးပီးယားဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံဆွေးနွေး

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ပေကျင်း နိုဝင်ဘာ ၃

**တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ပေကျင်းသို့ရောက်ရှိနေသော အီသီယိုးပီးယားဝန်ကြီးချုပ် မီလန်ဇာနာဝီနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာရေးအတွက် ဆွေးနွေးခဲ့ကြသည့်ပြင် နိုင်ငံတကာ ကိစ္စရပ်များကိုလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ အာဖရိကနိုင်ငံများနှင့် ကုန်သွယ်မှုနှင့်ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး ပူးပေါင်းဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် တရုတ်ဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးသည် အမြင့်ဆုံးစံချိန်ကို ရောက်ရှိခဲ့ကြောင်း အီသီယိုးပီးယား ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။**

ထိုသို့တွေ့ဆုံပြီးနောက် စီးပွားဆောင်ရွက်ရေး သဘောတူညီချက်ရေးနှင့် ပညာရေးဆိုင်ရာ ပူးပေါင်း လက်မှတ်ရေးထိုးပွဲကို ခေါင်းဆောင်နှစ်ဦးက တက်ရောက်ခဲ့သည်။ အီသီယိုးပီးယားဝန်ကြီးချုပ်၏ ခြောက်ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်သည် တရုတ်ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ လာရောက်ခြင်းဖြစ်ပြီး ခရီးစဉ်သည် ရှီအမ်မြို့တွင် တနင်္ဂနွေနေ့၌ ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

### ဒုတိယအကြိမ်

အီသီယိုးပီးယား ဝန်ကြီးချုပ်၏ ဒုတိယအကြိမ်မြောက် တရုတ်နိုင်ငံသို့ လာရောက်မှု ဖြစ်ပြီး ပထမအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်တွင်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(စီစီတီဗွီ)**

## ကမ္ဘာ့အမြန်ဆုံး အပေါ့စားရဟတ်ယာဉ်များ တရုတ်နှင့် အီတလီ ဖက်စပ်ထုတ်လုပ်မည်

နန်ချိုင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံသည် အင်ဂျင်နှစ်လုံးတပ် ကမ္ဘာ့အမြန်ဆုံး အပေါ့စားရဟတ်ယာဉ်များ ထုတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံတောင်ပိုင်းကွမ်တုံပြည်နယ်ရှိ ဇူဟိုင်းဆိပ်ကမ်းမြို့၌ တရုတ်နှင့်အီတလီ နိုင်ငံတို့အကြား အင်္ဂါနေ့က သဘောတူလက်မှတ်ရေးထိုးပွဲတစ်ရပ်အရ သိရသည်။

အဆိုပါ ရဟတ်ယာဉ်အမျိုးအစားမှာ အေ ၁၀၉ အီးဖြစ်ပြီး အလွန်အားကောင်းသည့် အင်ဂျင်နှစ်လုံးကိုလည်း တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသဘောတူညီချက်ကို တရုတ်နိုင်ငံ အရှေ့ပိုင်း၏ မြို့တော်ကျန်စီရှိ ကျန်စီချန်ဟဲ လေယာဉ်ကုမ္ပဏီနှင့် အီတလီမှ အေဂူစတာကုမ္ပဏီတို့အကြား သဘောတူလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရဟတ်ယာဉ် ဦးဆောင်ထောက်ပံ့ရေးအဖွဲ့သည် အဆိုပါ ရဟတ်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများအားလုံး လွှဲပြောင်းပေးရန် ကတိပြုထားကြောင်း သိရသည်။

နှစ်နိုင်ငံကြား အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် ပြုလုပ်ပုံများ၊ ဖက်စပ်ဆောင်ရွက်မှုများရှိမည်ဖြစ်ကြောင်း ကျန်စီကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ပြီးနောက် တရုတ်နိုင်ငံတွင် ရဟတ်ယာဉ်အားလုံး ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။ ယင်း ဖက်စပ်ကုမ္ပဏီက ၂၀၀၅ ခုနှစ်တွင် အဆိုပါ ရဟတ်ယာဉ် အမျိုးအစားများ တရုတ်ဈေးကွက်သို့ စတင်ဖြန့်ဖြူးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ ဖက်စပ်လုပ်ငန်းက အေ၁၀၉အီး ရဟတ်ယာဉ်များနှင့် တရုတ်နိုင်ငံရှိ အခြားအေဂူစတာ ထုတ်ကုန် ပစ္စည်းများအားလုံးအတွက် ပြုပြင်ရေး ဌာနတစ်ခုကိုလည်း ဖွင့်လှစ်လုပ်ဆောင်မည် ဖြစ်ကြောင်း ၎င်းက ပြောသည်။

အမ်အင်အေ၊ ဆင်ဟွာ

## အာရှမြို့ကြီးများကွန်ရက်အစည်းအဝေး ဂျကာတာ၌ ကျင်းပမည်

ဂျကာတာ နိုဝင်ဘာ ၃

**အာရှ၏ အကြီးဆုံးမြို့ကြီးများမှ ထိပ်တန်းတာဝန်ရှိသူများသည်စတုတ္ထအကြိမ်အာရှမြို့ကြီးများ ကွန်ရက်-၂၁ (အေအင်န်အမ်စီ-၂၁) နှစ်ပတ်လည်အစည်းအဝေးအတွက် ဂျကာတာမြို့၌ ယခုလနှောင်းပိုင်းတွင် တွေ့ဆုံ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။**

ယင်းအစည်းအဝေးကို နိုဝင်ဘာ ၂၁ရက်မှ နိုဝင်ဘာ ၂၄ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်း၊ တိုကျို၊ ပေကျင်း၊ နယူးဒေလီ၊ ဆိုးလ်၊ ဗန်ကောက်၊ ဟန္နိုင်း၊ ကွာလာလမ်ပူ၊ စင်ကာပူ၊ မနီလာ၊ ရန်ကုန်နှင့် တိုင်ပေ မြို့တော်ဝန်များ တက်ရောက်မည် ဖြစ်ကြောင်းသိရသည်။

### ဆွေးနွေးကြမည်

အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင် နိုင်ငံများအကြား ပူးတွဲစီမံကိန်းများ၊ ဒေသတွင်း ကူးစက်ရောဂါများဆိုင်ရာအထူးတင်ပြမှုများနှင့် လူသားအရင်းအမြစ်များ၊ ယဉ်ကျေးမှုနှင့် နည်းပညာမူဝါဒများအပါအဝင် ကိစ္စရပ်များကို ဆွေးနွေးကြမည် ဖြစ်ကြောင်း ဂျကာတာမြို့တော် ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီး အကဲ တာမန်ဆီရီဂါက ပြောကြားချက်ကို ဂျကာတာပို့စ်က အင်္ဂါနေ့တွင် ကိုးကား ဖော်ပြသည်။

အဆိုပါအစည်းအဝေးဖွင့်ပွဲကို အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်းဘန်း ယူဒိုယိုနိုတက်ရောက်ဖွင့်လှစ်မည်ဟု မျှော်လင့်ရသည်။

### ကျင်းပခဲ့

အဆိုပါအေအင်န်အမ်စီ-၂၁ အစည်းအဝေးကို ၂၀၀၁ခုနှစ်က တိုကျိုမြို့၌လည်းကောင်း၊ ၂၀၀၂ ခုနှစ်က နယူးဒေလီမြို့၌လည်း ကောင်း၊ ၂၀၀၃ ခုနှစ်က ဟန္နိုင်းမြို့၌ လည်းကောင်း ကျင်းပခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**တိုကျိုမြို့အရှေ့ဘက် မာကူဟာရီမြို့၌(၃၈)ကြိမ်မြောက် မော်တော်ကားပြပွဲတစ်ရပ် ခင်းကျင်း ပြသရာတွင် ဆန်းသစ်တီထွင်ထားသော မစ်ဆူဘီရှီဖူဆို ကုန်တင်ကားအသစ်အား နိုဝင်ဘာ ၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဖိလစ်ပိုင်ဓာတ်ငွေ့ တောင်ကိုရီးယားသို့ရောင်းမည်

**မနီလာ နိုဝင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်း ပါလာဝမ်ကျွန်း မာလမ်ပါရာရေနံ ဓာတ်ငွေ့လုပ်ကွက်မှ တောင်ကိုရီးယား နိုင်ငံသို့ ၎င်းတို့ထွက်ရှိသော ဓာတ်ငွေ့ရည် ၁၀ ရာခိုင်နှုန်း၏ တစ်ဝက်ခန့်ကို ရောင်းချရန်အတွက် ယခုနှစ်တွင် ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့၌ ပြောကြားသည်။

### သဘောတူညီ

ကူးသန်းရောင်းဝယ်ရေး ကာလအဖြစ် တန်ဖိုးဖြတ်ခြင်းအပါအဝင် စေ့စပ်ဆွေးနွေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း၊ ယင်းကိစ္စကို နှစ်နိုင်ငံ ကုမ္ပဏီများက အပြန်အလှန်သဘောတူညီထား ကြကြောင်း ဖိလစ်ပိုင်အမျိုးသားရေနံကုမ္ပဏီဥက္ကဋ္ဌ အီဒေါဒိုမာနာလက် ၏ပြောကြားချက်ကို အေဘီအက်စ်-စီဘီအင်န်အွန်လိုင်းသတင်းဌာနက ကိုးကားဖော်ပြသည်။

### ဆွေးနွေး

ဖိလစ်ပိုင် အမျိုးသားရေနံကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ သည် တောင်ကိုရီးယား စုပေါင်း ကုမ္ပဏီတစ်ခုနှင့် ၄၃သမ ၈ရာခိုင်နှုန်းကို ရောင်းချရန် နောက်ဆုံး ဆွေးနွေးခဲ့ကြောင်း၊ နှစ်ကုန်ပိုင်းတွင် အပြီးသတ် ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်-အာဆီယံ ကုန်စည်ပြပွဲ စတင်ဖွင့်လှစ် ကုမ္ပဏီပေါင်း ၁၅၀၀ကျော် ပါဝင်ပြသ

နန်နင်း နိုဝင်ဘာ ၃

**လေးရက်ကြာ ခင်းကျင်းပြသသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း နန်နင်းမြို့၌ ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်ကြောင်း တရုတ်-အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားသော နိုင်ငံများမှ ကုမ္ပဏီပေါင်း ၁၅၀၀ကျော် ပါဝင်ပြသကြောင်း ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီပေါင်း ၅၀၀မှ ကုမ္ပဏီ၁၉ခုပါဝင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။**

### ခင်းကျင်းပြသ

စက်မှုလုပ်ငန်း ၁၁ခုမှ ထုတ်ကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၂၀၀ကျော် ယင်း ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားရာ စက်ပစ္စည်းများ၊ မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်နှင့် အိုင်တီထုတ်ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ၊ အိမ်သုံးဆေးဝါးနှင့် အလှကုန်ပစ္စည်းများနှင့် အဝတ်အထည်နှင့် အပေါ့စားစက်မှုလုပ်ငန်းသုံးပစ္စည်းများပါဝင်ပြသထားသည်။ ပြခန်းပေါင်း ၂၅၀၆ ရှိရာတွင် ၃၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံပြင်ပ မှ ကုမ္ပဏီများဖြစ်ကြောင်း၊ တရုတ်နှင့်အာဆီယံ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများသည် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကိုလည်း တက်ရောက်ကြမည် ဖြစ်ကြောင်းသိရသည်။

### အိမ်နီးချင်းများ

အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းများဖြစ်ကြပြီး မကြာမီနှစ်များအတွင်းက နှစ်နိုင်ငံ နိုင်ငံရေး၊ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေး ချောမွေ့ အောင်မြင်မှုများ ရရှိလျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ တရုတ်နှင့် အာဆီယံနိုင်ငံများအကြား နှစ်နိုင်ငံ ကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၇၅ ဒသမ ၄၅ ဘီလီယံရှိခဲ့ကြောင်း၊ နှစ်ချင်းအလိုက် ၃၅ ဒသမ ၆ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တစ်နှစ်လုံးအတွက် အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံ ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## နီပေါတောင်တက်အသင်း(၃၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

ခတ္တမန္ဒူ နိုဝင်ဘာ ၃

**နီပေါတောင်တက်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် တောင်သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် အဓိကအဖွဲ့ဖြစ်သော နီပေါတောင်တက်အသင်း၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ကို ခတ္တမန္ဒူတွင် တနင်္လာနေ့က ကျင်းပခဲ့သည်။**

နီပေါအစိုးရသည် ၁၉၇၈ခုနှစ်ကစပြီး နီပေါအမျိုးသား အယ်လ်ပိုင်းကလပ်ကိုသာလျှင် ၅၅၈၇မီတာနှင့် ၆၆၅၄ မီတာအတွင်းရှိ တောင်ထိပ်၃၃ခုကို တက်ခွင့်ထုတ်ပေးရန် အခွင့်အာဏာပေးထားကြောင်း အသင်းဥက္ကဋ္ဌက ဆင်ဟွာသို့ ပြောသည်။

### တက်ကြွစွာ

ကမ္ဘာပေါ်တွင်မီတာ ၈၀၀၀ ကျော်ရှိသော တောင်ထိပ် ၁၄ ခုအနက် ရှစ်ခုရှိသည့် ဟိမဝန္တာတောင်တန်း တည်ရှိရာ နီပေါနိုင်ငံတွင် အဆိုပါ အသင်းသည် နီပေါတောင်တက်ခရီး သွားလုပ်ငန်းမြှင့်တင်ရေးနှင့် တိုးတက် ဖွံ့ဖြိုးရေးအတွက် အစဉ်အမြဲတက်ကြွစွာ လှုပ်ရှားဆောင်ရွက်ထားရှိကြောင်း အသင်းဥက္ကဋ္ဌ အန်တစ်ဟာရင်းက ပြောသည်။

အသင်းအား ၁၉၇၃ ခုနှစ် နိုဝင်ဘာ၁ရက်တွင် တည်ထောင်ခဲ့ချိန်က စပြီး အစိုးရမဟုတ်သော အသင်းအဖွဲ့နှင့် အမြတ်အစွန်းမရှိသော အဖွဲ့အစည်းများသည် အဓိကရည်မှန်းချက်ဖြစ်သော တောင်တက်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိုသာမက တောင်၏သဘာဝနှင့် ဟိမဝန္တာ၏ ဂေဟစနစ်တို့ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောသည်။

### အဖွဲ့ဝင် ၁၂၀၀

မိမိတို့အသင်းသည် ယခုအချိန်အထိ နိုင်ငံတစ်ဝန်းလုံး တရားဝင် အဖွဲ့ဝင် ၁၂၀၀ရှိကြောင်း၊ နီပေါနိုင်ငံသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည်ထောင်ပေါင်းများစွာ လာရောက်လည်ပတ်ခဲ့သည့်အနက် လာရောက်သူ ၃၀ ရာခိုင်နှုန်းသည် တောင်တက်ရန် လာရောက် ကြသူများဖြစ်ကြောင်း ၎င်းကပြောသည်။ နီပေါအစိုးရသည် တောင်တက်ရန်အတွက် တောင်ထိပ် ၃၂၆ ခုကို ဖွင့်ပေးထားပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



ကယ်ကွတ်မြို့အနီး ရေနံပိုက်လိုင်းဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသည်ကို နိုဝင်ဘာ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၃

**အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်ရှိ ပညာရေးဝန်ကြီးဌာန အဆောက်အအုံအပြင်ဘက်တွင် အင်္ဂါနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး အီရတ်ပြည်သူငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်ကို ရိုက်တာသတင်းဌာနက ဖော်ပြသည်။**

အမည်မဖော်လိုသူ ပညာရေးဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောကြားရာတွင် အဆိုပါကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်ပြည်သူ ၂၀ခန့်သေဆုံးပြီး ဒဏ်ရာရရှိသူများလည်းရှိခဲ့ကြောင်း ပြောကြားသည်။

## ပျက်စီး

အဆိုပါကားဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့ရှိ အက်ဟာမီယာ အရပ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ကားဗုံးပေါက်ကွဲမှုကြောင့် ပညာရေးဝန်ကြီးဌာနအဆောက်အအုံလည်း ထိခိုက်ပျက်စီးပြီး မော်တော်ယာဉ် အစီးဒါဇင်ဝက်ခန့်လည်း ပျက်စီးခဲ့ရကြောင်း၊ မီးလောင်ပျက်စီးမှုများကြောင့် မီးခိုးများလည်းတက်လျက်ရှိကြောင်း သိရသည်။

ကားဗုံးပေါက်ကွဲမှုမှာ အင်္ဂါနေ့နံနက် ဇနာရီခွဲခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာန တံတိုင်းအပြင်ဘက် အနီးတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်းလည်းသိရသည်။

## သေဆုံး

လမ်းပေါ်တွင်လည်း ကားဗုံးပေါက်ကွဲမှုကြောင့် အသက်ကြီးသော အီရတ်အမျိုးသားတစ်ဦး သေဆုံးနေပြီး အခြားအမျိုးသမီးနှစ်ဦးလည်း သေဆုံးနေသည်ကို တွေ့ရလျက်ရှိကြောင်းသိရသည်။ အဆိုပါကားဗုံးပေါက်ကွဲရာ နေရာအနီးတဝိုက်သို့ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး အမေရိကန်စစ်ရဟတ်ယာဉ်များက ဝဲပျံစောင့်ကြပ်လျက်ရှိသည်။ **အမ်အင်အေ၊ ရိုက်တာ**

# အီရတ်နိုင်ငံသို့ ခရီးသွားလာခြင်းမပြုလုပ်ရန် အိန္ဒိယအစိုးရက နိုင်ငံသားများအား သတိပေး

နယူးဒေလီ နိုဝင်ဘာ ၄

**အီရတ်နိုင်ငံသို့ ခရီးသွားလာခြင်းမပြုလုပ်ကြရန် အိန္ဒိယအစိုးရက အိန္ဒိယနိုင်ငံသားများအား သတိပေးထားကြောင်း အင်ဒိုအာရှနယူးဆားဗစ်(အိုင်အေအင်အက်စ်)က တနင်္လာနေ့တွင် သတင်းဖော်ပြသည်။**

အိန္ဒိယနိုင်ငံသားများအနေဖြင့် ကူဝိတ်နှင့်အခြား အီရတ်အိမ်နီးချင်းနိုင်ငံများသို့ ခရီးသွားလာခြင်းမပြုရန် သတိပေးပြောဆိုထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းနေရာဒေသများ၏ လုံခြုံရေးအခြေနေများကြောင့် ဖြစ်ကြောင်း အရာရှိတစ်ဦး၏ ပြောကြားချက်ကို အိုင်အေအင်န်အက်စ်က ဖော်ပြသည်။

အီရတ်နိုင်ငံတွင်ရှိနေသော အိန္ဒိယနိုင်ငံသားအားလုံးကိုလည်း ယင်းနိုင်ငံမှ ထွက်ခွာရန် အကြံပြုထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရတ်နိုင်ငံတွင် သတ်ဖြတ်မှုများနှင့် ပြန်ပေးဆွဲမှုများဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်အတွက် နိုင်ငံခြားသားအလုပ်သမားများခရီးသွားခြင်းကို ပိတ်ပင်ရန် ကူဝိတ်အစိုးရက ပြီးခဲ့သည့် အောက်တိုဘာလ၌ ဆုံးဖြတ်ချက်ချခဲ့ခြင်းအပေါ် အဆိုပါသတင်းက လေးနက်စေခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အီရတ်နိုင်ငံသို့ အိန္ဒိယနိုင်ငံသားများ သွားလာခြင်းကို တားမြစ်ပေးရန်လည်း ကူဝိတ်နှင့် ဂျော်ဒန်နိုင်ငံများကို အိန္ဒိယအစိုးရက အကူအညီတောင်းဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

# နီပေါနိုင်ငံသားဓားစာခံ လွတ်မြောက်ရေးကြိုးပမ်းနေ

ခတ္တမန္ဒူ နိုဝင်ဘာ ၃

**အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခြင်းခံထားရသောနီပေါဓားစာခံလွတ်မြောက်ရေးကို အစွမ်းကုန်မိမိကြိုးပမ်းနေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရှိသူ ဒူရဂါပရာဆက်ဒ်ဘတ်တာရီက ပြောကြားသည်။**

ယခုပြန်ပေးဆွဲခံရသော နီပေါအမျိုးသားသည် ဘဂ္ဂဒက်၌ တနင်္လာနေ့က ပြန်ပေးဆွဲခံရသော လူရှစ်ဦးအနက် တစ်ဦးဖြစ်ကြောင်း အီရတ်အစိုးရပြောခွင့်ရှိသူက အင်္ဂါနေ့၌ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် နီပေါ ၁၂ဦးအသတ်ခံခဲ့ရပြီးနောက်နှစ်လအကြာတွင် ယခုကဲ့သို့ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။

တနင်္လာနေ့၌ ပြန်ပေးဆွဲသွားခြင်းခံခဲ့ရသောလူရှစ်ဦးမှာ အီရတ်ငါးဦး၊ နီပေါတစ်ဦး၊ အမေရိကန်တစ်ဦးနှင့် ဖိလစ်ပိုင်တစ်ဦးဖြစ်သည်။ အီရတ်နှစ်ဦးမှာ နောက်ပိုင်း၌ လွတ်မြောက်လာခဲ့သည်။ ၎င်းတို့အားလုံးမှာ ဆော်ဒီကုမ္ပဏီမှ အလုပ်သမားများဖြစ်ကြသည်။ **(အင်တာနက်)**

# နိုဝင်ဘာ ၃ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၃ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၄

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။**

ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

နိုဝင်ဘာ ၃ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၂၃ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၆၀ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၀ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၈၅ဦးဖြစ်ပြီး ယင်းအနက် ၇၅၁ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

# ဂျပန်တပ်ဖွဲ့ဝင်များ နေရပ်ပြန်ခေါ်ရေး အတိုက်အခံပါတီ တောင်းဆို

တိုကျို နိုဝင်ဘာ ၃

**အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသော ဂျပန်ဓားစာခံအသတ်ခံရမှုကြောင့် အီရတ်နိုင်ငံတွင် ဂျပန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်နေရာချထားမှုနှင့် ပတ်သက်ပြီး အငြင်းပွားမှုတစ်ရပ်ပေါ်ထွက်လာခဲ့သည်။ အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးဆိုသော ပြန်ပေးသမားတို့၏ တောင်းဆိုမှုကို ဂျပန်နိုင်ငံဝန်ကြီးချုပ် ဂျူနီချီယိုကိုအိဇုမိက ငြင်းပယ်ခဲ့ခြင်းကြောင့် တချို့ကထောက်ခံသော်လည်း ဂျပန်ပြည်သူလူထု၏ သဘောထား အမြင်အမျိုးမျိုးကွဲပြားလျက်ရှိသည်။**

အသတ်ခံရသော ဂျပန်ဓားစာခံ၏ ရုပ်အလောင်းကို ကူဝိတ်မှတစ်ဆင့် ဂျပန်နိုင်ငံသို့ သယ်ဆောင်မည်ဖြစ်ကာ ဗုဒ္ဓဟူးနေ့၌ ရောက်ရှိလိမ့်မည်ဟု မျှော်မှန်းထားသည်။ ဂျပန်ဓားစာခံ၏ ဆွေမျိုးများထံသို့ ဝမ်းနည်းကြောင်း ဂျပန်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

## ပြောကြား

ထို့အပြင် အီရတ်နိုင်ငံ၌ ဂျပန်တပ်ဖွဲ့ဝင်များ ဆက်လက် တပ်စွဲထားဦးမည်ဖြစ်ကြောင်း၊ လူသားချင်းစာနာ ထောက်ထားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဝန်ကြီးချုပ် ကိုအိဇုမိက ဆက်လက်ပြောကြားခဲ့သည်။

## တောင်းဆို

ဂျပန်ဓားစာခံ အသတ်ခံရမှုဖြစ်ရပ်နှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံ၌ အငြင်းပွားလှုံ့ဆော်မှုများ ပေါ်ထွန်းလာခဲ့ကြောင်း၊ ဂျပန်တပ်ဖွဲ့ဝင်များ နေရပ်သို့ ပြန်လည်ခေါ်ယူရန် လွန်ခဲ့သည့် တနင်္ဂနွေနေ့က ဂျပန်အတိုက်အခံ ဒီမိုကရက်တစ်ပါတီက တောင်းဆိုလိုက်သည်။

ဂျပန်တပ်ဖွဲ့ဝင်များနေရပ်သို့ ပြန်လည်ခေါ်ယူရေး အဆိုပြုချက်ကို ဓားစာခံဖမ်းဆီးသည့် ဖြစ်ရပ်မတိုင်မီကကောက်ယူခဲ့သည့် လူထုဆန္ဒခံယူမှုအရ ဂျပန်ပြည်သူ သုံးပုံနှစ်ပုံနီးပါးသည် ထောက်ခံခဲ့ကြောင်းသိရသည်။ ဂျပန်အစိုးရ၏ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်မှုကိစ္စသည် ဂျပန်အခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြည်သူအချို့က ပြောကြားခဲ့ကြသည်။ အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်ကစပြီး ဂျပန်ဓားစာခံ ရှိဆေးကိုဒါသည် အီရတ်၌ ငါးယောက်မြောက် အသတ်ခံရသူ ဂျပန်နိုင်ငံသားဖြစ်ပြီး အခြားလေးဦးမှာ သံတမန်နှစ်ဦးနှင့် သတင်းစာဆရာနှစ်ဦး ဖြစ်ကြောင်းသိရသည်။ **(စီစီတီဗွီ)**



ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်ရှိ ဂျပန်တပ်ဖွဲ့၏ အခြေစိုက်စခန်း လုံခြုံရေးပိုမိုတင်းကျပ်

**တိုကျို နိုဝင်ဘာ ၃**

အီရတ်ရှိ ဂျပန်တပ်ဖွဲ့ဝင်များ၏ စခန်းအတွင်းသို့ ဒုံးကျည်ကျရောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးကို ဂျပန်နိုင်ငံက တင်းကျပ်လိုက်သည်။ ထိုသို့ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံရခြင်းသည် အီရတ်၌ လုံခြုံရေးအခြေအနေပိုဆိုးလာကြောင်းကိုပြသသည့် နောက်ဆုံးအမှတ် လက္ခဏာဖြစ်ရာ အီရတ်ရှိ ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးတောင်းဆိုမှုများ ဂျပန်နိုင်ငံတွင် ပိုများလာလျက်ရှိသည်။

တနင်္ဂနွေနေ့ညက ဘဂ္ဂဒက်တောင်ဘက်မိုင် ၁၇၀ရှိ ဆာမာဝါမြို့တွင်ရှိသော ဂျပန်စစ်ဘက် အခြေစိုက်စခန်းအတွင်းသို့ ဒုံးကျည်တစ်လုံးကျရောက် ပေါက်ကွဲခဲ့သဖြင့် တပ်ဖွဲ့ဝင်များကို ချက်ချင်းပင် လုံခြုံရေးအတွက် ကတုတ်ကျင်းများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဂျပန်အရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ရာမာဒီ၌အီရတ်ဓာတ်ပုံသတင်းထောက်သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၃

**ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ အပြင်းအထန်တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ရိုက်တာသတင်းဌာနအတွက် အလုပ်လုပ်ကိုင်ပေးနေသော အီရတ်ရုပ်မြင်သံကြား ဓာတ်ပုံသတင်းထောက်တစ်ဦး တနင်္လာနေ့က အသတ်ခံရကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

ရာမာဒီမြို့ရှိ ၎င်း၏နေအိမ်အနီး လမ်းတစ်လမ်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားနေသည်ကို သတင်းဓာတ်ပုံရိုက်ကူးနေစဉ် ဓာတ်ပုံသတင်းထောက်တစ်ဦးဖြစ်သူ ဒဟီရာနာဂျင်မှာ ဦးခေါင်းနှင့် ကျောဘက်တွင် သေနတ်ထိမှန်ခံရပြီး သေဆုံးရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

### ပြောကြား

နာဂျင်မှာ အသက်(၄၀)အရွယ်ရှိပြီး အလွတ်တန်းဓာတ်ပုံသတင်းထောက်တစ်ဦးဖြစ်ကာ သူ့တွင် ဇနီးဖြစ်သူနှင့်အတူ သမီးသုံးယောက်နှင့် သားတစ်ယောက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။

### အတည်ပြု

နာဂျင်၏အလောင်းကို မရွှေ့ပြောင်းမီ လမ်းဘေးတစ်နေရာ၌ တွေ့ရှိရကြောင်းလည်း ဒေသခံများက အတည်ပြု ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ ဗြိတိသျှစစ်ရဲအမျိုးသမီးတစ်ဦး ပထမဆုံးသေဆုံး သေနတ်ပစ်ခံရ၍ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာ

လန်ဒန် နိုဝင်ဘာ ၃

**လွန်ခဲ့သည့်နှစ်တွင် အမေရိကန်နှင့်အပေါင်းပါများ အီရတ်နိုင်ငံအား ကျူးကျော်ခဲ့ချိန်မှစပြီး အီရတ်နိုင်ငံ၌ အမျိုးသမီးစစ်ရဲတပ်ဖွဲ့ဝင်တစ်ဦး တနင်္ဂနွေနေ့က သေဆုံးခဲ့ရာ ပထမဆုံးသေဆုံးသည့် ဗြိတိသျှအမျိုးသမီးတပ်ဖွဲ့ဝင်ဖြစ်ခဲ့သည်။ သို့ရာတွင် သူမသည် တိုက်ပွဲ၌ သေဆုံးခြင်းမဟုတ်ကြောင်း ယုံကြည်ရသည်ဟု အရာရှိများက ပြောကြားသည်။**

တပ်ကြပ်ဒီနီဆီရို့စ် (၃၄)နှစ်သည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ရှိ ရှတ်အယ်လ်အာရပ်ဟိုတယ်၌ရှိသော စစ်အခြေစိုက်စခန်းတွင် သေနတ်ပစ်ခံရပြီး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့၌ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

### ဖော်ပြ

သေဆုံးမှုကို စုံစမ်းစစ်ဆေးလျက်ရှိသော်လည်း တိုက်ပွဲကြောင့် သေဆုံးခြင်းမဟုတ်ဟု ယူဆကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ရို့စ်သည် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ငယ်၏ အဖွဲ့ဝင်အဖြစ် စက်တင်ဘာ ၂၇ ရက်၌ အီရတ်နိုင်ငံသို့ ရောက်လာခဲ့သည်။ သူမ၏အထက်အရာရှိ ဒုတိယဗိုလ်မှူးကြီး ရောဘတ်ဆင့်လ်က သူမသေဆုံးမှုသည် ဝမ်းနည်းစရာဆုံးရှုံးမှုဖြစ်သည်ဟု ပြောကြားသည်။

### တုန်လှုပ်

သူမသေဆုံးသည့်အတွက် သူမ၏တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ တုန်လှုပ်ချောက်ချားကြရသည်ဟု ကြေညာချက်တွင် ဒုတိယဗိုလ်မှူးကြီး ရောဘတ်ဆင့်လ်က ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အီရတ်ကို စစ်ပွဲဆင်နွှဲရာတွင် အဓိကအပေါင်းပါနိုင်ငံဖြစ်သော ဗြိတိန်နိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင် ၄၅၀၀၀ စေလွှတ်ခဲ့သည်။ **(အင်တာနက်)**

**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားတို့ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နေအိမ်မှ ပြောင်းရွှေ့ထွက်ခွာရန် ပြင်ဆင်နေသော အီရတ်မိသားတစ်စုကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ဆာမာဝါရှိ ဂျပန်တပ်ဖွဲ့ဝင်များ၏စခန်း အမြောက်ကျည်ထိမှန်

တိုကျို နိုဝင်ဘာ ၃

**အီရတ်နိုင်ငံတောင်ပိုင်းရှိ ဆာမာဝါမြို့တွင် အခြေစိုက်ထားသော ဂျပန်တပ်ဖွဲ့ဝင်များ၏ စခန်းအတွင်းသို့ တနင်္ဂနွေနေ့ညဉ့်၌ အမြောက်ကျည်ဆန်တစ်ခုထိမှန်သဖြင့် အဆောက်အအုံတစ်ခု ပျက်စီးသွားကြောင်း၊ တနင်္လာနေ့၌ စခန်းအပြင်ဘက်တွင် ဆောင်ရွက်မှုများကို ဂျပန်တပ်ဖွဲ့များက ဖျက်သိမ်းလိုက်ကြောင်း ကျိုဒိုသတင်းဌာနက တနင်္လာနေ့၌ သတင်းဖော်ပြသည်။**

ဂျပန်အစိုးရကလည်း ထိုနေ့အစောပိုင်း၌ ကြီးမားသောပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။ ထိုတိုက်ခိုက်မှုသည် ဘဂ္ဂဒက်၌ ဂျပန်ခရီးသွားတစ်ဦး၏အလောင်းကို ရှာတွေ့ခဲ့ပြီး နောက်တစ်နေ့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ တိုက်ခိုက်မှုကြောင့် ဂျပန်တပ်ဖွဲ့ဝင်များ တိုးချဲ့ချထားခြင်းပြု မပြုနှင့်စပ်လျဉ်း၍ အချေတင်ဆွေးနွေးမှုကို ပိုမိုပြင်းထန်စေသည့်ပြင် ဒေသလုံခြုံရေးနှင့်ပတ်သက်၍လည်း ဂျပန်နိုင်ငံ၌ စိုးရိမ်ပူပန်ဖြစ်မှုကို တိုးမြှင့်စေခဲ့သည်။ ဒီဇင်ဘာ ၁၄ ရက်တွင်ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်၌ဆောင်ရွက်နေသော ထောက်ပံ့ကူညီရေးလုပ်ငန်း ပြီးဆုံးမည်ဖြစ်သည်။

### ရေးသား

တိုက်ခိုက်ခံရခြင်းကြောင့် ဂျပန်တပ်ဖွဲ့ဝင်များကို ကတုတ်များအတွင်း၌နေစေပြီး တပ်လှန့်ထားကြောင်း၊ အမြောက်ကျည်ဆန်သည်ပေါက်ကွဲခြင်းမရှိသဖြင့် ထိမှန်ခံရသော အဆောက်အအုံပျက်စီးမှုထက်အခြားပျက်စီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ကျိုဒိုက ရေးသားသည်။

### ပြဿနာမရှိ

ဆာမာဝါရှိ ဂျပန်တပ်ဖွဲ့ဝင်များနှင့်သံတမန်များအတွက် တစ်စုံတစ်ရာပြဿနာမရှိကြောင်း အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ဟီရိုယူကီဟိုဆိုဒါက တိုကျို၌ပြုလုပ်သော သတင်းစာရှင်းပွဲတွင် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ဒုတိယအကြိမ်သမ္မတသက်တမ်းရွေးချယ်ခံရ

ဝါရှင်တန် နိုဝင်ဘာ ၄

**အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်သည် ၎င်း၏ ဒုတိယအကြိမ်သမ္မတသက်တမ်းအတွက် ၎င်း၏ပြိုင်ဘက်ဖြစ်သူဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီနှင့် ပြန်လည်ယှဉ်ပြိုင်အရွေးခံရာတွင် အနိုင်ရသွားခဲ့သည်။**

ဘုရှ်နှင့်ကယ်ရီတို့၏ စကားစစ်ထိုးပွဲများ ပြီးနောက် အိုဟိုင်းယိုးပြည်နယ်မှ ၎င်း၏ဒုတိယအကြိမ်သမ္မတသက်တမ်းအတွက်အောင်မြင်မှုကို ပိုမိုခိုင်မာစေခဲ့သည်။

ဘုရှ်သည် အိုဟိုင်းယိုးပြည်နယ်တွင် အောင်မြင်မှုရရှိပြီးနောက် လိုအပ်သော မဲ ၂၇၀ကျော်အား သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရရှိခဲ့သည်။

ရီပတ်ဗလီကန်သမ္မတဂျော့ဒဗလျူဘုရှ်အား ဒုတိယအကြိမ်သမ္မတရာထူးအတွက် ထပ်မံအရွေးခံရသည်ကို ဝမ်းမြောက်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ရာမာဒီမြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံရ

ဘဂ္ဂဒက် နိုဝင်ဘာ ၃

**အီရတ်နိုင်ငံတွင် ဖောက်ခွဲဖျက်ဆီးရေးသမားများသည် အီရတ်နိုင်ငံ၏ ရေနံအခြေခံအဆောက်အအုံများကို ယခုထိတိုင် အကြီးအကျယ် ပိုမိုတိုက်ခိုက်ဖျက်ဆီးလျက်ရှိကြသည်။**

ထိုသို့ဖျက်ဆီးလျက်ရှိရာ တူရကီမှတစ်ဆင့်ပြည်ပသို့ ရေနံတင်ပို့ပေးသော အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံပိုက်လိုင်းသုံးလိုင်းကို မကြာမီက ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်ဟု ရေနံအရာရှိများက အင်္ဂါနေ့၌ ပြောကြားခဲ့ကြသည်။

ထိုသို့ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဘေဂျီမြို့ရှိ အီရတ်နိုင်ငံ၏ အကြီးမားဆုံးရေနံချက်စက်ရုံသို့ ပို့ပေးသော ရေနံစိမ်းများ သိသိသာသာလျော့ကျသွားခဲ့သည်။

အီရတ်အစိုးရသည် ဆောင်းရာသီမရောက်မီ ရေနံထုတ်ကုန်ပစ္စည်းများကို စုဆောင်းထားရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ထားပြီး ဖြစ်သည်။

ရေနံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးရေးသမားများက တိုက်ခိုက်မှုသည် လွန်ခဲ့သည့်သီတင်းပတ်အနည်းငယ်အတွင်း၌ အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ပြင်းထန်ခဲ့သည်။ **(အင်တာနက်)**

## စီအိုင်အေက ကြမ်းတမ်းစွာရိုက်နှက်စစ်ဆေးခဲ့သဖြင့် ခေါင်းထဲ၌သွေးခဲပြီး အီရတ်အကျဉ်းသားသေဆုံးခဲ့

ဆန်ဒီဂို နိုဝင်ဘာ ၃

**လက်ထိပ်ခတ်ပြီး ခေါင်းစွပ်စွပ်ထားသော အကြမ်းဖက်သမားဟု မသင်္ကာသူ မာနာဒယ်လ်အယ်လ်ဂျာမာဒီအား လွန်ခဲ့သည့်နှစ်၌ ၎င်းမသေဆုံးမီတွင် စီအိုင်အေက စစ်ဆေးမေးမြန်းခဲ့ပြီး ကန်ကျောက်ခြင်း၊ ရိုက်ပုတ်ခြင်း၊ လက်သီးဖြင့်ထိုးခြင်းများ ပြုလုပ်ခဲ့သော ရေတပ်ဆီးလ်တပ်ဖွဲ့ဝင်တစ်ဦးက အစစ်ခံသည်။**

အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း စွပ်စွဲထားသည့် နောက်ထပ် ဆီးလ်တပ်ဖွဲ့ဝင်တစ်ဦးအား စစ်ဘက်က အကြိုကြားနာစစ်ဆေးရာ၌ ရေတပ်ကွန်မန်ဒိုက ထိုသို့ ထွက်ဆိုအစစ်ခံခဲ့ခြင်း ဖြစ်သည်။

မတရားနှိပ်စက်သည်ဆိုသော အဆိုပါ ဆီးလ်တပ်ဖွဲ့ဝင်သည် အကျဉ်းသားအယ်လ်ဂျာမာဒီကို သုံးလေးကြိမ် ကန်ကျောက်ခဲ့ကြောင်း၊ နောက်စေ့ကို ထုနှက်ရိုက်ပုတ်ခြင်း၊ လက်သီးဖြင့် ထိုးခြင်းပြုလုပ်ခဲ့ကြောင်း၊ အခြားစီအိုင်အေအဖွဲ့ဝင်ငါးဦး သို့မဟုတ် ခြောက်ဦးကလည်း အကျဉ်းသားကို နှိပ်စက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိခဲ့သူ ဆီးလ်တပ်ဖွဲ့ဝင်က အစစ်ခံထွက်ဆိုသည်။ အသေးစိတ်ကိုမူ မပြောဘဲထားသည်။

နောက်ပိုင်း၌ စီအိုင်အေနှစ်ဦးက အယ်လ်ဂျာမာဒီကို အဘူဂါရိပ်အကျဉ်းသားထောင်ထဲသို့ ခေါ်လာပြီးနောက် တစ်နာရီမရှိမီ၌ အယ်လ်ဂျာမာဒီကို ရေချိုးခန်းထဲ၌ သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း ဗိုလ်ချုပ်ဂျော့အာဖေးစ်၏ အဘူဂါရိပ်အကျဉ်းထောင်ဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဖေးစ်၏ အစီရင်ခံစာ၌ အယ်လ်ဂျာမာဒီသည် ဦးခေါင်း၌ အရိုက်ခံရသည့် ဒဏ်ရာကြောင့် ဦးခေါင်းထဲ၌ သွေးခဲပြီး သေဆုံးခဲ့ရကြောင်း ဖော်ပြခဲ့သည်။ **အမ်အင်အေ၊အေပီ**



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ပြည်ပသို့ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ရေးကိစ္စကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၉၉၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

● *ရှေ့ဖုံးမှ*

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက်လည်း စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းရည်မှန်းချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့်အပြင် အရေးအကြီးဆုံး လုပ်ငန်းတစ်ရပ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်လည်းရှိကြောင်း။

**ပညာရည်မြင့်မားရန်လို**

ဤသို့အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ပညာရည်မြင့်မားရန်လိုကြောင်း။

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမျိုးသားကျန်းမာရေးကော်မတီ၊ မြန်မာနိုင်ငံပညာရေးကော်မတီစသည့် အဖွဲ့အစည်းများ ဖွဲ့စည်းပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ရာ၌ လုပ်ငန်းတာဝန်များအဖြစ်–

- အမျိုးသားကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို လေ့လာသုံးသပ်၍ နိုင်ငံတော်အစိုးရသို့ အကြံပေးရန်၊
- အမျိုးသားကျန်းမာရေးမူဝါဒများ ချမှတ်ရေးအတွက် လေ့လာဆောင်ရွက်ရန်၊
- အမျိုးသားကျန်းမာရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးရန်၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့စသည့် အပြည်ပြည်ဆိုင်ရာကျန်းမာရေးနှင့် နီးနွှယ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စအတွက် အစိုးရအဖွဲ့သို့ အကြံပေးရန်၊
- ကျန်းမာရေးဆိုင်ရာ ဥပဒေများရေးဆွဲပြဋ္ဌာန်းရေးကိစ္စရပ်များအတွက် အစိုးရအဖွဲ့သို့ အကြံပေးရန်

ဆိုသည့် လုပ်ငန်းတာဝန်များကို တစ်ပါတည်းသတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း။

**အကောင်အထည်ဖော်**

အမျိုးသားကျန်းမာရေးကော်မတီအနေဖြင့် အမျိုးသားကျန်းမာရေးမူဝါဒများ ချမှတ်ထားပြီးဖြစ်သည့်အပြင် အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ အမျိုးသားကျန်းမာရေး စီမံကိန်းများကို အဆင့်ဆင့်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းစီမံချက်(၁၂)ရပ်ပါဝင်သည့် အမျိုးသားကျန်းမာရေးစီမံကိန်း၂၀၀၁–၂၀၀၆ကို အကောင်အထည်ဖော်လျက်ရှိနေပြီ ဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အနာဂတ်နိုင်ငံတော်ကြီးကို မျှော်မှန်းလျက် အမျိုးသားကျန်းမာရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်းကိုလည်း တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း။

**ပူးပေါင်းပါဝင်**

ဤကဲ့သို့ အမျိုးသားကျန်းမာရေး စီမံကိန်းအဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ကျန်းမာရေးဝန်ကြီးဌာနသာမက ဆက်စပ်နီးနွှယ်သည့် ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများက ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း။

နိုင်ငံတော်အပိုင်းတွင်လည်း ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စုအဆင့်အထိ ကျန်းမာရေးကော်မတီအဆင့်ဆင့်ကို



**အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက (၄၁)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)**

ဖွဲ့စည်းပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြောင်း။

**အောင်မြင်ဖြစ်ထွန်း**

ဤကဲ့သို့ လုပ်ငန်းတာဝန်အဆင့်ဆင့်နှင့်တကွ စီမံကိန်းနှင့်လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ်ပြီး စီမံခန့်ခွဲမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုစနစ်များလည်း စည်းစနစ်တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အမျိုးသားကျန်းမာရေးကော်မတီက ချမှတ်ထားသော လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့နိုင်ကြောင်း။

သို့ဖြစ်၍ ရှေ့အဖို့တွင်လည်း လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရအောင် တာဝန်ရှိသူအသီးသီးနှင့် ဝန်ကြီးဌာနအသီးသီးက ဆက်လက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမျိုးသားကျန်းမာရေးကော်မတီ (၄၁)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှုခံယူ**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ပြည်ပသို့ ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြ၍ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုကို ခံယူသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမျိုးသမီးများပြုစုစောင့် ရှောက်ရေးဌာနများ ဖွင့်လှစ်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ပဉ္စမအကြိမ် တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကျင်းပရန် ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**အတည်ပြုချက်ရယူ**

ထို့နောက် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီ (၄၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# မိုးမောက်–လွယ်ဂျယ်လမ်း ပြုပြင်ဖောက်လုပ်ရေးစာချုပ် ကျန်ဖုန်း–မိုးမောက်ကားလမ်း ဖောက်လုပ်ရေးကုမ္ပဏီကတာဝန်ယူမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လုံချွမ်ခရိုင် ကျန်ဖုန်း–မိုးမောက်ကားလမ်း ဖောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ မိုးမောက်–လွယ်ဂျယ်ကားလမ်း ပြုပြင်ဖောက်လုပ်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)အစည်းအဝေးခန်းမ ဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်ပချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာကုန်လီဂန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာကုန်လီဂန်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်နှင့် ကျန်ဖုန်း–မိုးမောက်ကားလမ်း ဖောက်လုပ်ရေးကုမ္ပဏီလီမိတက် Director General မစ္စတာလီကျန်းရန်တို့က စာချုပ်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အကုန်အကျခံ ဆောင်ရွက်ပေး**

အဆိုပါ မိုးမောက်–လွယ်ဂျယ်ကားလမ်းသည် ကျောက်ချောလမ်းဖြစ်ပြီး ကျန်ဖုန်း–မိုးမောက် ကားလမ်းဖောက်လုပ်ရေး ကုမ္ပဏီလီမိတက်က ဖောက်လုပ် ထိန်းသိမ်းလွှဲပြောင်းပေးသည့် စနစ်ဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ပြီး လမ်းဖောက်လုပ်ပြီးစီးသွားပါက ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၎င်းကုမ္ပဏီက ၁၀ နှစ်တိတိ အကုန်အကျခံ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ကြီးအသင်း(ရန်ကုန်) ကမ္ဘောဇသာသနာ့ဗိမာန်တွင် ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

တောင်ကြီးအသင်း (ရန်ကုန်)နှင့် ကမ္ဘောဇသာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ သတ္တမအကြိမ်မြောက်မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင်ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ တောင်ကြီးအသင်းဝင်မိသားစုများ၊ အသင်းမဝင်ရသေးသော အလှူရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

လှူဖွယ်ဝတ္ထုပစ္စည်းကို နိုဝင်ဘာ ၁၂ ရက် နောက်ဆုံးထား၍ ကမ္ဘောဇသာသနာ့ဗိမာန်သို့ ပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် ဆက်သွယ်ရန် ဖုန်း– ၃၈၁၄၃၉၊ ၆၆၇၄၂၇၊ ၆၆၂၇၃၂နှင့် ၅၈၀၁၄၇ တို့ဖြစ်ကြောင်း သိရသည်။

(က–ပ)

*✱ ကျောဖုံးမှ*

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဆုရရှိကြသူများ၊ ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ပြည်ထဲရေးဝန်ကြီးချီးမြှင့်

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အစီအစဉ်အရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က ပညာရှင်အဆင့် (အမျိုးသမီး)ပတ္တလား အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေး၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွန့်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)ပတ္တလား အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မချိုသက်တင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်းတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မလွင်လွင်ချိုထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိချွန်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မရတနာလင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ)ပေါက်ကျော်မတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)ပတ္တလား အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မငြိမ်းအေးသူနှင့် တတိယဆုရ မကွေးတိုင်းမှ မအင်ကြင်းဦးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မရတနာဥနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးချီးမြှင့်

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပညာရှင်အဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးမြင့်အောင်၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်အောင်ဇော်ထွေးနှင့် ရခိုင်ပြည်နယ်မှ ဦးကျော်သူဝင်း၊ တတိယဆုရ မန္တလေးတိုင်းမှ ဦးအောင်သက်ထွန်းတို့အားလည်းကောင်း၊ ဝါသနာရှင် အဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးဝင်းထွဋ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ချမ်းသာတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော ရခိုင်ပြည်နယ်မှ မောင်စိုးသိန်းနှင့် ရန်ကုန်တိုင်းမှ မောင်မင်းဇေယျာဦး၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ယုမောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာမင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထိန်လင်းအောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ချမ်းကိုနိုင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ပါပါအောင်၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်သုတထွန်းနှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်ရဲပြည့်ဖြိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမောင်နှင့် မောင်ပိုင်ဖုန်းမော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မိုးပိုင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်နန်းဦးထက်တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

## စွမ်းအင်ဝန်ကြီးချီးမြှင့်

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပညာရှင်အဆင့် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ၌ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွန့်တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မတင်စန္ဒာဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်နှင်းအိဖြူနှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မချိုမာထွန်းတို့ အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဆွေမြကြည်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မအိသဉ္ဇာကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိမ့်သရဖူ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုမြတ်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မတင်နီလာဝင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသိမ့်မြတ်သွယ်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မချမ်းမြေ့သူနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မသင်းမြတ်စိုးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ၌ ပထမဆုရ ချင်းပြည်နယ်မှ မဝင့်ရည်ရွှမ်း၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မငြိမ်းဆုသာနှင့် မန္တလေးတိုင်းမှ မအေးမြတ်မိုး၊ တတိယဆုရ မကွေးတိုင်းမှ မဖူးငုံကျော် တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပညာရှင်အဆင့် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ရှိန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ရွှေလင်ပန်းသိန်းလှိုင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဦးအောင်သိန်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) ဂီတာ အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးမြင့်ကြည်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးသိန်းနိုင်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဂီတာ အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်သူနိုင်တို့အားလည်းကောင်း၊ အခြေခံပညာ အဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင် နှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်ကျော်စွာလင်းတို့အားလည်းကောင်း၊ အခြေခံပညာ အဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇာနည်ဟိန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်ဘုန်းလကျာ်နှင့် ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်းတို့အား လည်းကောင်း ဆုများ ချီးမြှင့်သည်။

## အားကစားဝန်ကြီးချီးမြှင့်

ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဝါသနာရှင်အဆင့် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်(ခ) နှင်းရည်ကျော်ကိုကိုနှင့် ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး)



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား)ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အခြေခံပညာအဆင့်(၁၀-၁၅)နှစ်(အမျိုးသမီး)ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မဆုရည်ကိုကိုအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အခြေခံပညာအဆင့်(၁၅-၂၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထိန်လင်းအောင်အား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)



**ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ဝါသနာရှင်အဆင့် (အမျိုးသား) နဲ့ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ ဦးတာနော်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်သူအား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသီရိလှိုင်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဆုရည်ကိုကိုနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်သူတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မပန်းမီမီတို့အား လည်းကောင်း၊ ပညာရှင်အဆင့် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးကြည်ရွှင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးကျော်၊ တတိယဆုရရှိကြသော မကွေးတိုင်းမှ ဦးတင်မောင်ဌေးနှင့် မန္တလေးတိုင်းမှ ဦးစောလှကြည်တို့အားလည်းကောင်း၊ ဝါသနာရှင် အဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးလှမျိုး၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးသန်းစိုးနှင့် တတိယဆုရ ကချင်ပြည်နယ်မှ ဦးမောင်မောင်လွင် (ခ) ပေါက်ခေါင်းမောင်မောင်လေးတို့အား လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဇော်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်စန်းထွေး၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အောင်နိုင်ဝင်းနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်၊ ဒုတိယဆုရ ပဲခူး တိုင်းမှ မောင်ရဲဝင်းအောင်၊ တတိယဆုရ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုးနှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မောင်မြမိုးနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## ကျန်းမာရေးဝန်ကြီးချီးမြှင့်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပညာရှင်အဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်(ခ) နှင်းရည်ကျော်ကိုကိုနှင့် ဒုတိယဆုရ ဧရာဝတီ



**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ မနှင်းနွယ်စိုးအား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

တိုင်းမှ ဒေါ်ဥမ္မာတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မနှင်းနွယ်စိုးအား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသီရိလှိုင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မနန်းသူဇာနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မအိသန္တာအောင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဖြူနှင်းဝေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မခင်မာလာတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီး ပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မလဲ့ရည်ဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မမေမြတ်တင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မပန်းမီမီတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## ရထားပို့ဆောင်ရေးဝန်ကြီးချီးမြှင့်

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပညာရှင်အဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးစန်းတင့်၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ ဦးမောင်မောင်မြင့်နှင့် တတိယဆုရ မကွေးတိုင်းမှ ဦးကျော်ဌေးတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးစိန်တင်အောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်းနှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထူးအောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာစိုးဦး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်မိုးဝေနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သီဟလင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်အောင်ကျော်မြင့်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စံရွှေမြတ်တို့အား လည်းကောင်း၊ ပညာရှင်အဆင့် (အမျိုးသမီး) ဒုံမင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်စိန်စိန်ရင်အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရွှေဇင်ချစ်၊ ဒုတိယဆုရ မကွေးတိုင်းမှ မအင်ကြင်းဦးနှင့် တတိယဆုရ ပဲခူး တိုင်းမှ မခိုင်သန္တာစိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် (အမျိုးသမီး)ဒုံမင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းကြာညိုကြော့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မအိအိချောနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဇင်မာဝင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## ဝန်ကြီးချုပ်ရုံးဝန်ကြီးချီးမြှင့်

ဆက်လက်၍ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပညာရှင်အဆင့် နှဲမှုတ်ပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးဇေယျာပြည့်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးစိန်မောင်အိနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးစံအုန်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် နှဲမှုတ်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးတာနော၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးဆန်းလွင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးလှသိန်းတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် နှဲမှုတ်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်တင်မျိုးလွင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဇော်မျိုးသက်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ရဲဝင်းသန်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် နှဲမှုတ်ပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မောင်မင်းဆွေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စိန်သန်းဇော်(ခ)သန်းထိုက်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်စည်သူမျိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် နှဲမှုတ်ပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မောင်ကျော်ကိုလတ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်စည်သူဖြိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့်အသက်(၅–၁၀)နှစ် နှဲမှုတ်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်စိုးသိန်း၊ ဒုတိယဆုရ



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းကြာညိုကြော့အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



**ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း ဝါသနာရှင်အဆင့် (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်စည်သူအောင်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

ရန်ကုန်တိုင်းမှ မောင်စိုးသီဟနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မြတ်ကိုကိုဝင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## အလုပ်သမားဝန်ကြီးချီးမြှင့်

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်းက ပညာရှင် အဆင့်(အမျိုးသား) တယောထိုးပြိုင်ပွဲ၌ ပထမဆုရရှိခဲ့ကြသည့် ဧရာဝတီတိုင်းမှ ဦးပိုက်နှင့် မန္တလေးတိုင်းမှ ဦးသန်းဇော်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးတင်ဝင်းတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်စည်သူအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးညွန့်ဝင်း၊ တတိယဆုရ ဧရာဝတီတိုင်းမှ ဦးတင်စိုးနှင့် အထူးဆုရ ရန်ကုန်တိုင်းမှ ဦးစန်းမောင်(ခ)ဦးဘိုနီတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်မောင်ဝင်းအာကာအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ထွေးနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဘိုဘိုကျော်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သိန်းထက်အောင်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းသုခတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား)တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စောဂျွန်နသန်မင်း၊ တတိယဆုရ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုးနှင့် အထူးဆုရ ကယားပြည်နယ်မှ မောင်စောဘိုစေးဝေတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ကျော်ဝဏ္ဏ၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်ဟေးရှားယားတောနှင့် မန္တလေးတိုင်းမှ မောင်မျိုးသီဟကို၊တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စောဂေးဒယ်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။ **(သတင်းစဉ်)**

# ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

# တပ်မတော်(ကြည်း၊ရေ၊လေ)ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ စစ်မြေပြင်တွင်တိုက်ပွဲအောင်မြင်ရေး အထောက်အကူဖြစ်ရန်ရည်ရွယ်

ရန်ကုန် နိုဝင်ဘာ ၄

**၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ)ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

## တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များ၊တပ်နယ်မှူးများ၊ အမှတ်(၃) စစ်ဒေသမှူးနှင့် တပ်ရင်း တပ်ဖွဲ့မှူးများ၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ အားကစား ဝါသနာရှင်များ၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ဂျူဒို၊ ကျွမ်းဘား ပြိုင်ပွဲ ဖွင့်ပွဲ စစ်ရေးပြအခမ်းအနားကို ကျင်းပရာ စစ်ရေးပြမှူးအဖြစ် ဗိုလ်မှူး မျိုးသန်းဦးက ဆောင်ရွက်ပြီး ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများ အား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တန်းအပ်သည်။

## ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ဂျူဒို၊ ကျွမ်းဘား ပြိုင်ပွဲကို တပ်မတော်သားအားလုံးဂျူဒို၊ကျွမ်းဘား အားကစားကို စိတ်ပါဝင်စားစွာ ကစားလာခြင်းဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးလာစေရေး၊ တပ်မတော်အတွင်း ဂျူဒို၊ ကျွမ်းဘား အားကစားသမားများ တိုးပွားလာစေရေး၊ နိုင်ငံတော်ကို ကိုယ်စားပြုယှဉ်ပြိုင်နိုင်သော အဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲဝင် အားကစားသမားများပေါ်ထွန်းလာစေရေး၊ ဂျူဒိုနည်းစနစ်များကို အခြေပြုပြီး လက်နက်မဲ့တိုက်ခိုက်နည်းများကို ကျွမ်းကျင်လာကာ မိမိကိုယ်မိမိ ယုံကြည်မှုခိုင်မာလာရေးနှင့် စစ်မြေပြင်တွင် တိုက်ပွဲအောင်မြင်ရေးအတွက် အထောက်အကူ ဖြစ်စေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်း ဖြစ်ကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းသည် အားကစားသမားများ၏ အသက်သွေးကြော ဖြစ်သည်နှင့်အညီ စစ်မှန်သည့် အားကစားစိတ်ဓာတ်၊ အုပ်ချုပ်မှု စည်းကမ်း၊ လေ့ကျင့်မှု စည်းကမ်းနှင့် ပြိုင်ပွဲစည်းကမ်းများကို အသိစိတ်ဓာတ်ရှိစွာဖြင့် လိုက်နာကျင့်သုံးပြီး စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် စောင့်ထိန်းယှဉ်ပြိုင်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများသည် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ အားကစားမောင်မယ်များ၏ ဂျူဒိုသရုပ်ပြသကစားမှု အခြေအနေများကို လည်းကောင်း၊ ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲယှဉ်ပြိုင်နေမှုအခြေအနေများ ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

## ပါဝင်ယှဉ်ပြိုင်

၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ဂျူဒို၊ ကျွမ်းဘား ပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၂၂သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်မြင်ဖြစ်ထွန်းရေးကြိုးပမ်းနေသော သာကေတစက်မှုဇုန်

## မောင်တင်လှိုင် (ဟိုတယ်–ခရီး)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သော လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ ပြည်ပသွင်းကုန်အစားထိုး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးနိုင်ရန် စက်မှုလုပ်ငန်းရှင်များက ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပေသည်။ နိုင်ငံတော်က စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး လိုအပ် ချက်များကို ဘက်ပေါင်းစုံမှ အားပေးကူညီ ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လမ်းညွှန်မိန့်ကြားခဲ့သည့်အပြင် စက်မှုဇုန် များသို့ ကိုယ်တိုင်သွားရောက်ကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို လမ်းညွှန် မိန့်ကြားလျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့က မုံရွာစက်မှုဇုန်သို့လည်းကောင်း၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် မန္တလေးစက်မှုဇုန်သို့လည်းကောင်း ရောက်ရှိခဲ့ပြီး–

> **"ခေတ်မီပုဂ္ဂလိက စက်မှုလုပ်ငန်းများထူထောင်ရာ၌ ငွေကြေး၊ အရင်းအနှီး၊ ခေတ်မီအတတ်ပညာနှင့် ကုန်ကြမ်းပြည့်စုံရန် လိုအပ် သကဲ့သို့ စက်မှုထုတ်ကုန်များအတွက် ဈေးကွက်လည်းရှိရန်လိုအပ်ကြောင်း၊ မိရိုးဖလာအတတ်ပညာဖြင့် စက်မှုနိုင်ငံထူထောင်၍ မရနိုင်သဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက ခေတ်မီအတတ်ပညာရရှိအောင် ကြိုးပမ်း အားထုတ်သွားကြရမှာဖြစ်ကြောင်း"**

လမ်းညွှန်မိန့်ကြားခဲ့သည်။

**စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပြန့်ကျဲနေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း များကိုစုစည်းပြီး အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များ ထူထောင်ပေးလျက် ရှိသည်။**

ခေတ်မီနိုင်ငံတော်ကြီးကို တည်ထောင်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် အောင်မြင်ရန် မြန်မာ့စက်မှုလုပ်ငန်းရှင်များကလည်း တတ်စွမ်းသမျှ ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်က ဖွဲ့စည်းထူထောင် အားပေးမြှင့်တင်နေသော စက်မှုဇုန် ၁၉ ဇုန်တွင် သာကေတစက်မှုဇုန်လည်း အပါအဝင် ဖြစ်လေသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက သာကေတ စက်မှုလက်မှု ရပ်ကွက်ကို သာကေတစက်မှုဇုန်အဖြစ် ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ တွင် သတ်မှတ်ဖွင့်လှစ်ပေးခဲ့သည်။ သာကေတစက်မှုဇုန်၏ အရှေ့ဘက်တွင် မြခွာညိုရိပ်မွန်အိမ်ရာနှင့် ပုဇွန်တောင်ချောင်း၊ အနောက်ဘက်တွင် မင်းနန္ဒာ လမ်းမကြီး၊ တောင်ဘက်တွင် ဧရာဝဏ်လမ်းမကြီးတည်ရှိပြီး မြောက်ဘက်တွင် ပုဇွန်တောင်ချောင်းတို့ ဝန်းရံလျက်ရှိကာ ရန်ကုန်အရှေ့ပိုင်း စက်မှုဇုန်တွင် ပါဝင်သည်။

ဧက ၂၀၀ ခန့်ကျယ်ဝန်းပြီး ပေ ၁၀၀ x ပေ ၁၅၀ အကွက်ပေါင်း ၂၅၆ ကွက်၊ ပေ ၄၀ x ပေ ၆၀ အကွက်ပေါင်း ၃၉ ကွက်ရှိသည်။ အစိုးရစက်ရုံ ကိုးရုံနှင့် ပုဂ္ဂလိကစက်ရုံ ၁၀၁ ရုံ စုစုပေါင်း ရုံ ၁၁၀ တည်ရှိသည်။ အခြေခံအားဖြင့် လုပ်ငန်း ၁၀ မျိုး ခွဲခြားလုပ်ဆောင်လျက် ရှိသည်။

---

**စက်မှုလက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြန့်ကျဲနေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို စုစည်းပြီး အခြေ အနေပေးသော နယ်မြေဒေသများ၌ စက်မှု ဇုန်များ ထူထောင်ပေးလျက်ရှိ။**

---

အထည်ချုပ်နှင့် ရက်ကန်းလုပ်ငန်း ကိုးရုံ၊ စားသောက်ကုန်လုပ်ငန်း ၁၇ ရုံ၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း ၁၁ ရုံ၊ ရေထွက်ပစ္စည်းနှင့် ငါး၊ ပုစွန်အအေးခန်း လုပ်ငန်း ၁၁ ရုံ၊ စက္ကူ၊ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းလုပ်ငန်း ကိုးရုံ၊ ဓာတုဗေဒနှင့် ဆေးဝါးလုပ်ငန်း ရှစ်ရုံ၊ စက်နှင့် စက်ကိရိယာပစ္စည်းလုပ်ငန်း ၁၂ ရုံ၊ သစ်တောထွက်ပစ္စည်းနှင့် သစ်အချောထည်လုပ်ငန်း ရှစ်ရုံ၊ ဆောက်လုပ် ရေးနှင့် ယန္တရားလုပ်ငန်း ကိုးရုံနှင့် သိုလှောင်ရုံလုပ်ငန်း ၁၆ ရုံ၊ စုစုပေါင်းစက်ရုံ အလုပ်ရုံ ၁၁၀ ရှိသည်။ သာကေတစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ် ၁၂၈ ဒသမ ၁၃ သန်း၊ ထုတ်လုပ်မှုတန်ဖိုးငွေကျပ် ၂၀၉၆ ဒသမ ၁၆ သန်းရှိပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၈၆၀ ခန့် ပေးထားနိုင်လျက် ရှိသည်။

သာကေတစက်မှုဇုန်သည် ရန်ကုန်မြို့လယ်နှင့် နီးကပ်သဖြင့် သွားရေး၊ လာရေး လွယ်ကူသည်။ ငါး၊ ပုစွန်လုပ်ငန်းအများအပြား လုပ်ကိုင်ရာဖြစ်၍ အအေးခန်းနှင့် အအေးခန်းစက်ရုံ ၁၁ ရုံရှိသည်။ မြန်မာ့ရေထွက်ကုန် ငါး၊ ပုစွန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံခြားဝင်ငွေရရှိသကဲ့သို့ ပြည်တွင်းစားသုံးသူများအတွက်လည်း ငါးသေတ္တာများ ထုတ်လုပ်ရောင်းချပေး လျက် ရှိသည်။

စင်ကျူရီ ကြိမ်ပရိဘောဂလုပ်ငန်းက မြန်မာ့ကြိမ်ကို မြန်မာမှုလက်ရာ ပြောင်မြောက်လှပတင့်တယ်စွာပြုလုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ ပရိဘောဂပစ္စည်းများ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ သာကေတစက်မှုဇုန်တွင် Nibban Electric & Electronics လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

Nibban Electric & Electronics လုပ်ငန်းက နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်(ISO 9001:2000) လက်မှတ်ရရှိသည့် အခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပခဲ့ရာ တက်ရောက် လေ့လာခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက် ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သာကေတစက်မှုဇုန်တာဝန်ခံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထား သူများ တက်ရောက်အားပေးခဲ့ကြသည်။

ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က မြန်မာ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမှာစကားများ ပြောကြားကြပြီး အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်းက(ISO 9001:2000) လက်မှတ် ရယူခဲ့ခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိရန် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်း တင်ပြခဲ့သည်။

ရန်ကုန်မြို့ သာကေတစက်မှုဇုန် အမှတ်(၈) ရန်နိုင်ဆွေ ၂ လမ်းတွင် တည်ရှိသော Nibban Electric & Electronics လုပ်ငန်းသည် အရည်အသွေး ကောင်းမွန်သော လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ရေရှည်တွင် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် သုံးစွဲသူများ၏ ကျေနပ်မှုအပြည့်အဝရရှိစေရေး၊ နိုင်ငံတကာ စံချိန်မီ ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဝန်ထမ်းထုတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရေး၊ သက်ဆိုင်သူများအားလုံးအတွက် အကျိုးဖြစ်ထွန်းစေရေး၊ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် တစ်တပ်တစ်အားပါဝင် အကျိုးပြုနိုင်ရေး၊ လူ့ဘောင်အဖွဲ့အစည်းနှင့် သဘာဝဝန်းကျင် ကောင်းကျိုး ဖြစ်ထွန်းရေး စသည့်ခံယူချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။

ဈေးကွက်လိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းပေးရေး၊ အရည်အသွေး ကောင်းသည်ထက်ကောင်းသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ပေးရေးနှင့် သုံးစွဲသူ များ၏ ကျေနပ်မှုအပြည့်အဝရရှိစေရေးစသည့် အခြေခံမူသုံးရပ်နှင့်အညီ လုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်လျက် ရှိသည်။

၂၀၀၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် လုပ်ငန်း၏ ရေရှည်မျှော်မှန်းချက်၊ ခံယူချက်များနှင့် ကိုက်ညီစေရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်၊ နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO 9001: 2000)လက်မှတ်ရရှိစေရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်း၏အမည်ကို Nibban Electric & Electronics လုပ်ငန်းသို့ပြောင်းပြီး Electronics & Communication Products Line အနေဖြင့် TV Antenna, Antenna Booster, Antenna Accessories များနှင့် Safeguard အမျိုးမျိုးကို ထုတ်လုပ်ခဲ့သည်။ Electrical Products Line အနေဖြင့် Inverter, Voltage Regulator (ခ) မီးအားမြှင့်စက်အမျိုးမျိုးနှင့် Battery Charger, များကို ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထားသော ထုတ်ကုန်သစ်များဖြစ်သည့် UPS Model-PH-750 VA နှင့် 2 in 1 Antenna Model-NA-330 တို့ကို သုံးစွဲသူများ၏ လိုအပ်ချက် အရ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

Nibban Electric & Electronics လုပ်ငန်းသည် စဉ်ဆက်မပြတ် တိုးတက်မှုများဖြစ်ထွန်းလာစေရန် အစဉ်တစိုက်ကြိုးပမ်းလာခဲ့ရာ ယခုအခါတွင် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO 9001:2000) လက်မှတ်ကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ရယူနိုင်ခဲ့ပြီ ဖြစ်သည်။

ပြည်တွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းထွန်းကားပြီး တစ်ချိန်သောကာလတွင် စက်မှုနိုင်ငံဖြစ်ပေါ်လာရေး၊ ပြည်ပနိုင်ငံများအပေါ် တတ်နိုင်သမျှ အမှီအခို ကင်းပြီး မိမိကိုယ်ပိုင်အင်အားအပေါ် ရပ်တည်နိုင်ရေး၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများထူထောင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော် တာဝန်ရှိသူများ၏ အနီးကပ်ညွှန်ကြားအားပေးဖြည့်ဆည်းမှုများနှင့်အတူ ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်လျက်ရှိသော စက်မှုဇုန်များတွင် သာကေတ စက်မှုဇုန်ကလည်း ပါဝင်အလေးထား ကြိုးပမ်းလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။




**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၃၊ ပထမထပ်(ဝဲဘက်)နေ ဗိုလ်မှူးစန်းလွင်(ငြိမ်း)ဒေါ်မြင့်မြင့်မေ မိသားစုတို့က ဗိုလ်မှူးစန်းလွင်(ငြိမ်း)၏မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာ ပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် အတွက် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)

## သနပ်ပင်မြို့နယ် ငါးလုပ်ငန်းအသင်း နှစ်လည်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၄**

သနပ်ပင်မြို့နယ် ငါးလုပ်ငန်းအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဖွဲ့စည်းရေးအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန၌ ကျင်းပသည်။

### ရှေ့လုပ်ငန်းစဉ်များချမှတ်

အခမ်းအနားတွင် သဘာပတိ မြို့နယ်ငါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ် ငါးလုပ်ငန်းအသင်းမှ တင်သွင်းသည့် အစီရင်ခံစာကို အတွင်းရေးမှူး ဦးကျော်သန်းက ဖတ်ကြား တင်သွင်းသည်။ ထို့နောက် အလုပ်အမှုဆောင် အစီရင်ခံစာအား ဖြည့်စွက်အကြံပြု ဆွေးနွေးကြပြီး သဘာပတိအတည်ပြုချက် ရယူကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြသည်။

### အမှုဆောင်အဖွဲ့သစ်ရွေးချယ်

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းအသင်း အကြံပေးပုဂ္ဂိုလ် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်သိန်းက ဖွဲ့စည်းရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ရှင်းလင်းဆွေးနွေးပြီး ဥက္ကဋ္ဌ ဦးအောင်မောင်းနှင့် အမှုဆောင် အဖွဲ့အသစ်ကို ရွေးချယ်ကြသည်။ ထို့နောက် ဥက္ကဋ္ဌသစ်က မိတ်ဆက် အမှာ စကားပြောကြားသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**




## သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက် အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူး နှင့် ဒုံး(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက–

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့် နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက် လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း) ရောင်း လျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**





**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီးများနှင့်အကဲဖြတ်ပညာရှင် များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

## ☆ ကျောဖုံးမှ

အခမ်းအနားသို့ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုအကဲဖြတ်ပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်ပညာရှင်များနှင့်ကြီးကြပ်အုပ်ချုပ်သူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်စမ်းစမ်းယဉ်နှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများ အဖြစ်ဆောင်ရွက်ကြသည်။

### ပညာရှင်ကြီးများကိုယ်တိုင်ခံယူ

ရှေးဦးစွာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်း မြှင့်တင်ရေးဆိုသည့် အလွန်နက်နဲသိမ်မွေ့သည့် အမျိုးသားရေး လုပ်ငန်းတာဝန်ကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အလွန်ထိရောက်ထက်မြက်သော နည်းလမ်းတစ်သွယ်အဖြစ်ဖြင့် အဓိကအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးလျက်ရှိသည်ဆိုသည်ကို အနုပညာရှင်ကြီးများကိုယ်တိုင်က ခံယူထားပြီးဖြစ်ကြမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို တစ်နိုင်ငံလုံးမှာရှိကြသည့် အနုပညာရှင်ကြီးငယ် အရွယ်မရွေး သောင်းသောင်းဖြဖြ ပါဝင်ပြီး နှစ်စဉ်နှစ်တိုင်း ခမ်းနားထည်ဝါစွာ အောင်အောင်မြင်မြင် ကျင်းပနိုင်နေခြင်းသည် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်မှု လုပ်ငန်းစဉ်ကြီးတွင် တစ်မျိုးသားလုံး တက်တက်ကြွကြွ ညီညီညာညာ ပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးနေကြခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများအနုပညာအရည်အသွေးပညာခန်းအဆီအနှစ်တို့ ပြည့်ဝစွာဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီး နိုင်ငံတော်၏ အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်မှု လုပ်ငန်းစဉ်ကြီး ရှင်သန်ဖွံ့ဖြိုးနေခြင်းသည် ဝါရင့် သမ္မာရင့် အနုပညာရှင်ကြီးများ၊ စာပေနှင့်သမိုင်းဆိုင်ရာ ပညာရှင်ကြီးများ၊ အကဲဖြတ် အဖွဲ့ဝင်အနုပညာရှင်ကြီးများ၏ တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်ဆိုင်ရာ ကူညီပံ့ပိုးမှုများကြောင့်ပင်ဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

### အစဉ်အလာတစ်ရပ်အဖြစ်ခိုင်မြဲ

ဤခံယူချက်နှင့်အညီ နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ပြီးစီးသည့်အခါတိုင်းတွင် ပညာရပ်ဆိုင်ရာအရ ပါဝင်ပံ့ပိုး ထောက်ကူပေးခဲ့ကြသည့် ဝါရင့် သမ္မာရင့် ပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ ကျေးဇူးတရားကို အသိအမှတ်ထား ဂုဏ်ပြုလျက်ရှိသည်မှာ ကောင်းမြတ်သော အစဉ်အလာ တစ်ရပ်အဖြစ် ခိုင်မြဲတည်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့်



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲအခမ်းအနားတွင် အကဲဖြတ်အဖွဲ့ဝင် ပညာရှင်များကိုယ်စားရောဝတီတိုင်းမှအဆိုအကဲဖြတ်ပညာရှင် ဦးမိုးကျော်ထွန်းက ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ ခိုင်မြဲစေရေးတို့အတွက် ဘက်စုံ ကဏ္ဍစုံ နယ်ပယ်တွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### စနစ်တကျ စီမံကြိုးပမ်း

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ် တစ်လျှောက် အခြေတည် ဖြစ်ထွန်းလာခဲ့သည့်မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ အမျိုးသားရေးတန်ဖိုး၊ အမျိုးသားရေး စံထားမှုများနှင့် ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးကို ဦးတည်မျှော်မှန်းပြီး စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားရေးတန်ဖိုး၊ အမျိုးသား ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းမြှင့်တင်ရေးသည် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို အနာဂတ်ကာလတိုင်အောင် ရေရှည်စောင့်ရှောက်ဖော်ဆောင်ပေး နိုင်မည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အလေးထားဆောင်ရွက်ကြရမည့် အမျိုးသားရေး လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ကြောင်း။

အတွေးအခေါ် အယူအဆအရ၊ ယဉ်ကျေးမှုအရ လွှမ်းမိုးခြယ်လှယ်ခံရမှုသည် မိမိတို့၏ ယဉ်ကျေး သိမ်မွေ့သည့် အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများကို ယိုယွင်းပပျောက် သွားစေမည် ဖြစ်သည့်အတွက်စိတ်ပိုင်းဆိုင်ရာအရသူတစ်ပါး ဩဇာခံ ကျွန်ဘဝရောက်ရှိခြင်းပင် ဖြစ်သည်ဆိုသည်ကို ယနေ့ လူငယ်များ သိမြင်နားလည်စေရအောင် နည်းလမ်းအသွယ်သွယ်ဖြင့် လမ်းမှန်ကို ညွှန်ပြကြရန်လိုအပ်ကြောင်း။

### အမျိုးသားရေးစိတ်ဓာတ်ခိုင်မာလာ

အထူးသဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ ခိုင်မာသည့် သမိုင်းကြောင်းအခြေခံများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုအစဉ်အလာများ၊ သိမ်မွေ့နက်နဲပြီး ရသမြောက်သည့် ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ၏ အဆီအနှစ်နှင့်တန်ဖိုးကို ယနေ့လူငယ်များ သိမြင်ခံစားစေရအောင် ဖော်ထုတ်ပေးနိုင်မှသာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားသည့် စိတ်ဓာတ်နှင့်အတူ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ်တို့ ထက်သန်ခိုင်မာလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်ကို အမျိုးသားရေးလမ်းကြောင်းမှန် အတိုင်း တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးတွင် နိုင်ငံတော်ကာကွယ်ရေး စွမ်းအားထက်မြက်ခိုင်မာစေရန် သာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ အပါအဝင် စိတ်ပိုင်းဆိုင်ရာ စွမ်းအားမြင့်မားခိုင်ကျည်စေရန်လိုအပ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးသည်လည်း အမျိုးသားရေးကိုယ်ခံစွမ်းအား ပြည့်ဖြိုးခိုင်မာလာစေရေးအတွက် မရှိမဖြစ်သည့် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပြီးဖြစ်ကြောင်း။

ဤသဘောထားနှင့်အညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး အစီအမံများကို ဘက်စုံထောင့်စုံ ကဏ္ဍစုံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားထည်ဝါစွာ နှစ်စဉ်စီမံကျင်းပပေးလျက်ရှိခြင်းဖြစ်ကြောင်း။

### အမျိုးသားမှုဟန်မပျက်

မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် ရှည်လျားခိုင်မာသည့် သမိုင်းစဉ် အဆင့်ဆင့်ကို ဖြတ်သန်းပြီး ယနေ့တိုင် အမျိုးသားမှုဟန်မပျက် ခိုင်ခိုင်ခံ့ခံ့ရပ်တည်နေနိုင်သည်ကို တွေ့ရကြောင်း။

ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် သမိုင်းကြောင်း အဆင့်ဆင့်တွင် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများမှသည် မျိုးဆက်သစ်အနုပညာရှင်များထံသို့ လက်ဆင့်ကမ်းဖြန့်ဝေထိန်းသိမ်းလာခဲ့ကြရင်း တစ်စထက်တစ်စ ရှင်သန်ထွန်းကားတိုးတက်ဖွံ့ဖြိုးလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်က စီမံကျင်းပပေးလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများတွင်လည်း ဝါရင့် သမ္မာရင့် ပညာရှင်ကြီးများအနေဖြင့် မိမိတို့၏တန်ဖိုးမဖြတ်နိုင်သည့် အနုပညာစွမ်းအားနှင့် ရင့်ကျက်ကြွယ်ဝသည့် အတွေ့အကြုံတို့ကို မျိုးဆက်သစ်အနုပညာရှင်များအား လက်ဆင့်ကမ်းမျှဝေပေးလျက်ရှိသည်ကို အားရဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရကြောင်း။

### ယဉ်ကျေးမှုဓလေ့စရိုက်များရှင်သန်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများ အောင်မြင်ဖြစ်ထွန်းနေသည်နှင့်အမျှ ယနေ့အချိန်အခါတွင် မျိုးဆက်သစ်လူငယ်များအကြား၌ မြန်မာ့ရိုးရာအနုပညာရပ်များကို မြတ်နိုးလေးစားလေ့လာလိုက်စားမှု တိုးပွားလာနေသကဲ့သို့ အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ ပြန်လည်ရှင်သန် ထွန်းကားလာလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် ဝါရင့်သမ္မာရင့်အနုပညာရှင်ကြီးများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် အနုပညာရပ်များ၏ အနှစ်သာရနှင့် ပညာခန်းအဆီအနှစ်များ၊ သမားစဉ်များကို မျိုးဆက်သစ်အနုပညာရှင်များသို့ ဆက်လက်ဆင့်ပွားဖြန့်ဝေပေးရင်း မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးမှု နယ်ပယ်ပိုမိုကျယ်ပြန့် နက်ရှိုင်းလာစေရအောင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကောင်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ အခွန့်ရှည်တည်တံ့ခိုင်မြဲစေရအောင် ဆက်လက်ကြိုးပမ်း စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် နူးညံ့သိမ်မွေ့သော မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်စဉ်လာများနှင့် ဖီလာဆန့်ကျင်သည့် တိုင်းတစ်ပါး ဓလေ့စရိုက်၊ အမူအကျင့်၊ အတွေးအခေါ်များ၊ ရုပ်ရှင်၊ ဂီတနှင့်ယဉ်ကျေးမှုမျက်နှာစာ၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာတို့က ထိုးဖောက် ဝင်ရောက်လာနေမှုကို စစ်မှန်သော မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးသည့် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် အခြေခံတို့ဖြင့် တွန်းလှန်တိုက်ဖျက်နိုင်စေရအောင် မိမိတို့၏ ထက်မြက်သည့် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးအစီအမံများတွင် စိတ်အားထက်သန်စွာပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်မှုများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား အထူးပင် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းနှင့် ဝါရင့် သမ္မာရင့် အနုပညာရှင်ကြီးများ အသက်ရှည်ကျန်းမာစွာဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လက်ဆင့်ကမ်း မျှဝေပေးနိုင်ပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဆို၊အက၊အရေး၊အတီး ပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ပညာရှင်ကြီးများ၊ ဗဟိုအကဲဖြတ် အဖွဲ့ဝင်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို နေရာအရောက် လိုက်လံပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာပြီးစီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အတွဲပေါင်း ၈၅၂ တွဲရောင်းချခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသော ပုလဲအတွဲများအား ကြည့်ရှုပြီး ပုလဲအတွဲများကို တင်ဒါစနစ်/ဈေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုကို ကြည့်ရှုအားပေးကာ ပြန်လည်ထွက်ခွာသွားသည်။

### အပြိုင်အဆိုင်ဝယ်ယူ

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး ကျင်းပသော ၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ဆဋ္ဌမနေ့အဖြစ် ယနေ့ နံနက် ၉ နာရီမှစ၍ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ မွန်းတည့် ၁၂နာရီတွင် ပုလဲအတွဲပေါင်း၈၂ တွဲကို ပြည်တွင်း၊ပြည်ပရတနာ ကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက် အတွဲများနှင့် ပုလဲအတွဲများကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၄ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်း၊ပြည်ပရတနာ ကုန်သည်များအား ရောင်းချခဲ့ရာ ယနေ့ မွန်းတည့်၁၂နာရီတွင် အောင်မြင်စွာ ပြီးစီးသွားသည်။

### ပုလဲ ၈၅၂တွဲ ရောင်းချ

ရှေးဦးစွာ အောက်တိုဘာ၃၀ ရက်၊ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲကိုလည်းကောင်း၊ နိုဝင်ဘာ ၂ ရက်မှ ၃ရက်အထိ ကျောက်မျက်အတွဲ ၅၃ တွဲကိုလည်းကောင်း၊ နိုဝင်ဘာ၄ ရက်တွင်ပုလဲအတွဲ၈၂တွဲကိုလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲ စုစုပေါင်း ၈၅၂ တွဲကို ရောင်းချနိုင်ခဲ့သည်။

၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း၁၂နိုင်ငံ၊ ကုမ္ပဏီပေါင်း၂၂၈ခုမှ ရတနာ ကုန်သည်၆၅၈ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၀၉ ခုမှ နိုင်ငံသား ရတနာကုန်သည် ၁၇၃ ဦး စုစုပေါင်း ရတနာကုန်သည် ၈၃၁ ဦး တက်ရောက်ခဲ့ကြပြီး အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။ **(သတင်းစဉ်)**



၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချစဉ်။

(သတင်းစဉ်)

## ပဲခူးအသင်း(ရန်ကုန်) ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ပဲခူးအသင်း(ရန်ကုန်)၏ မဟာဘုံကထိန်အလှူပွဲကို နိုဝင်ဘာ၁၃ ရက်နံနက်၁၀နာရီတွင်ပဲခူးအသင်း တည်ရှိရာရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းကွင်းမြောက်ဘက်တန်း အက်စ်၁၀/၁၁ (ဒုတိယထပ်)၌ ကျင်းပမည်ဖြစ်သည်။ အသင်းသားအသင်းသူများနှင့် ပဲခူးမြို့သူ မြို့သားများသည် ပဲခူးအသင်း(ရန်ကုန်) ဖုန်း–၀၁–၃၇၈၃၀၅၊ ဦးညွန့်ဇော်(ဥက္ကဋ္ဌ)၊ ဦးအေးမောင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း–၀၁–၅၁၁၈၀၉၊ ဦးဟန်ကြူ (ဒုတိယဥက္ကဋ္ဌ)ဖုန်း–၀၅၂–၂၂၅၀၉၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း–၀၁–၅၈၀၀၃၂၊ ဒေါက်တာဒေါ်ခင်စိမ်းဝင်း ဖုန်း–၀၁–၅၅၀၃၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## တပ်မတော်မှတ်တမ်းရုံး မိသားစု (၁၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် သင်္ကန်းကပ်လှူ

**ရန်ကုန် နိုဝင်ဘာ ၄**

တပ်မတော်မှတ်တမ်းရုံး မိသားစု၏(၁၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၅ နာရီက တပ်မတော်မှတ်တမ်းရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ရန်ကင်းမြို့နယ် အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဣန္ဒဝံသအမှူးပြုသော ဆရာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တပ်နယ်မှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဇနီး၊ ဒုတိယတပ်မှူး၊ ဌာနမှူးများနှင့် အရာရှိစစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

### ပရိတ်နာကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက် နာယက ဆရာတော်ဘဒ္ဒန္တဣန္ဒဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များနာကြားကြသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက် စာချနာယက သာသနဓဇ ဓမ္မာစရိယ သာမဏေကျော် ဘဒ္ဒန္တ သောကစ္စာလင်္ကာရထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒုလ္လဘရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ပုညကုသလအသင်းကြီးမှ ကြီးမှူးသော ဧကာဒသမအကြိမ်(၁၁ကြိမ်)မြောက် ရဲတပ်ဖွဲ့ဝင်များစုပေါင်းဒုလ္လဘရဟန်း၊ ကိုရင်၊ သီလရှင်၅၂ပါးဝတ်ပွဲကို အမှတ်(၁) ဦးထောင်ဘိုလမ်း ရဲဓမ္မာရုံ ဗဟန်းမြို့နယ်၌ကျင်းပမည်ဖြစ်သည်။ နိုဝင်ဘာ ၆ ရက် (စနေနေ့)တွင် အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည်၌ ပင့်သံဃာ ၁၀ပါး၊ ဒုလ္လဘရဟန်း ၁၆ပါးတို့ နံနက် ၆နာရီခွဲသိမ်တက်ပြီး ၈နာရီသိမ်ဆင်းမည်ဖြစ်ပြီး နိုဝင်ဘာ ၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရဲဓမ္မာရုံကြီး၌ပင့်သံဃာများ၊ ဒုလ္လဘရဟန်း၊ ကိုရင် ၁၈ ပါး၊ သီလရှင် ၁၈ပါးတို့အား နေ့ဆွမ်းကပ်လှူပြီး ဧည့်ပရိသတ်များကိုနံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဟု သိရသည်။ **(က–ပ)**

# မြန်မာဇာတ်ကားသစ်များရုံမတင် သမ္မတရုံတွင် ပင့်ကူလူသားအပိုင်း(၂) ရုံဝင်လာ



**‘နှစ်ယောက်တစ်ယောက်’ မှ ရီဝေယံနှင့် ထက်ထက်မိုးဦး။**

**ရန်ကုန် နိုဝင်ဘာ ၄**

ယခုသောကြာပတ်တွင်လည်း မြန်မာဇာတ်ကားသစ်များ ရုံမတင်သေးဘဲ ပြသဆဲဇာတ်ကားများ ဆက်လက် အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် Spider Man - 2 ဇာတ်ကားသစ် ရုံဝင်လာသည်။ ကောင်းသူကယ် မကောင်းသူပယ်သော ပင့်ကူလူသားလေးက နေရောင်ခြည်စွမ်းအင်ဖန်တီးသူ သိပ္ပံပညာရှင်အောက်တေးဗီးယပ်စ်၏ အန္တရာယ်ရန်စွယ်များကို သက်စွန့်ဆံဖျားကာကွယ်တိုက်ခိုက်နိုင်ပုံများကို ရိုက်ကူးထားသော အက်ရှင်သိပ္ပံဇာတ်ကားဖြစ်သည်။



**‘ပင့်ကူလူသား’ အပိုင်း(၂) ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**

သွင်ရုံတွင် The Rundown ဇာတ်ကား ဆက်လက်ပြသနေပြီး မင်္ဂလာရုံတွင် Troy ဇာတ်ကား အရှိန်အဟုန်ကောင်းဆဲ ဖြစ်သည်။ နေပြည်တော်ရုံတွင် The Day After Tomorrow ဆက်လက်ပြသနေသည်။

ရွှေဆောင်နှင့် နဝဒေးရုံတွင် ဒါရိုက်တာ ညီညီထွန်းလွင်၏ **‘နှစ်ယောက်တစ်ယောက်’** ဇာတ်ကား အပြိုင်ပြသနေသည်။ကမ္ဘာကျော်မယ့် အလုပ်မဟုတ်ရင် စိတ်မဝင်စားဘူးဆိုပြီး ဘာအလုပ်မှမလုပ်သည့် ရာဇာနေဝင်းနှင့်မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့် ရိုးသားကြိုးစားသော ရီဝေယံတို့ နှစ်ယောက်ကြားမှ ထက်ထက်မိုးဦးဆိုသော မိန်းကလေးတစ်ယောက်အကြောင်း ရိုက်ကူးထားသောဟာသဇာတ်မြူးကားဖြစ်သည်။

တန်းမြင့်မြို့မရုံတွင် Kyaa Dil Me Kahaa အိန္ဒိယဇာတ်ကားနှင့် ရွှေဂုန်ရုံတွင် ကမ္ဘာကျော်မင်းသား တွမ်ခရု ပါဝင်ထားသည့် Mission Impossible အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။



**မကြာမီရုံဝင်တော့မည့် ‘ပန်းဒဏ္ဍာရီ’ ဇာတ်ကားမှ မင်းမော်ကွန်း နှင့် စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်မှု။**



**ကမ္ဘာကျော်မင်းသား တွမ်ခရု ပါဝင်သရုပ်ဆောင်ထားသည့် Mission Impossible မှ ဇာတ်ဝင်ခန်းတစ်ခန်း။**

### ပန်းဒဏ္ဍာရီရုံတင်မည်

တောင်ပြုန်း ပန်းကောက်ပွဲမှ ဇာတ်လမ်းစတင်ခဲ့သော မိုးကုတ်သူဌေး ဦးထွန်းအောင်ဇော်နှင့်အင်ကျင်ရွာသူ မသူဇာတို့ဇာတ်လမ်းမှာ ဦးထွန်းအောင်ဇော်၏သား လမင်းငယ်နှင့် မသူဇာ၏ သမီး ဖယောင်းပန်းတို့ ချစ်သူဘဝရောက်သည်အထိ ဇာတ်လမ်းမဆုံးနိုင်သေးဘဲ အာဃာတများ၊ အမုန်းပွားမှုများ ရှင်သန်နေဆဲဖြစ်သည်။ ပန်းကောက်ပွဲမှာပင် အမုန်းများပြေပြီး အပြုံးပန်းများ ဝေဆာနေသော လမင်းငယ်နှင့် ဖယောင်းပန်းတို့၏ ချစ်ခြင်းမေတ္တာကို ဖော်ကျူးထားသော ဇာတ်ကား ဖြစ်သည်။ ပန်းဒဏ္ဍာရီတွင် ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနုနှင့် စိုးမြတ်နန္ဒာတို့ ခေါင်းဆောင် ပါဝင်ထားပြီး မကြာမီ ရုံတင်မည်ဟု သိရသည်။ ။

**(မြန်မာ့အလင်း)**

**ရုပ်ရှင်သတင်းထောက်**

စာမျက်နှာ ၁၁ မှ

ထို့နောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အသက်အရွယ်ကြီးရင့်သူ အဆို၊ အက၊ အရေး၊ အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ပညာရှင်ကြီးများ၊ ဗဟိုအကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများအားဂုဏ်ပြုမှတ်တမ်းလွှာများကို နေရာအရောက်လိုက်လံပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တို့က အဆို၊ အက၊ အရေး၊ အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်ပညာရှင်ကြီးများ၊ ဗဟိုအကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုနေရာအရောက် လိုက်လံပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များဖြစ်ကြသော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းနှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များနှင့်ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများ၊ ကိုယ်စားပြုသူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေး**

ဆက်လက်၍ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပြည်နယ်နှင့်တိုင်းများသို့ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသွားရောက်ပို့ချခဲ့သူပညာရှင်များနှင့် အခမ်းအနားမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်အဖွဲ့ဝင်ပညာရှင်များကိုယ်စား ဧရာဝတီတိုင်းမှ အဆိုအကဲဖြတ်ပညာရှင် ဦးမိုးကျော်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဖျော်ဖြေမှု အစီအစဉ်အဖြစ် အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ်ဆိုင်းဝိုင်းကြီး(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မန္တလေးတိုင်းမှမစပယ်ဖွေးနှင့် အဖွဲ့က ဖျော်ဖြေတင်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ အကအကဲဖြတ်ပညာရှင် ဒေါ်စံရှားတင်နှင့် အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅-၂၀) နှစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော်(ခ) ပိုင်ပိုင်တို့က အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပညာရှင်အဆင့် အကပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ရခိုင်ပြည်နယ်မှ ဒေါ်စန်းနီလာဝင်းက နုနုလှလှ ရွှေသုခုမ အကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် စန္ဒရားဦးချစ်ဆွေ၏ စန္ဒရားလက်သံနှင့်အတူ စန္ဒရားဦးချစ်ဆွေနှင့်ဒေါ်ထားတို့က မုန်းဆက်ဆက်မရှုယ်တေးသီချင်းဖြင့် တီးခတ်သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ဂီတလုလင် ဦးကိုကို ရေးစပ်သီကုံးသည့် ပြန်လည်ဆုံဆည်းကြမယ် သီချင်းကို အကဲဖြတ်ပညာရှင်များနှင့် တေးသံရှင်များက သီဆိုကြ၍ အနုပညာဦးစီးဌာနမှ အမျိုးသမီး အနုပညာရှင်များက အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် တွဲဖက်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မျိုးဆက်သစ် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကအရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော အနုပညာရှင်ကြီးများ၊ ဗဟိုအကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် အသင်းအုပ်ချုပ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်များနှင့် တက်ရောက် လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ

# အက်မက်စ်၏နိုင်ငံခြားရေးဝန်ကြီးများစည်းဝေးပွဲတက်ရောက်ခဲ့

ရန်ကုန် နိုဝင်ဘာ ၄

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ကရာဘီမြို့၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိကျင်းပခဲ့သော ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမဟာဗျူဟာ(အက်မက်စ်)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။**

**နည်းလမ်းများရှာဖွေ**

အစည်းအဝေးတွင် အက်မက်စ် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည့် တစ်နှစ်တာကာလအတွက် အက်မက်စ်၏ ရှေ့လုပ်ငန်းစဉ်များအထူးသဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ရမည့် ကဏ္ဍအလိုက် ကာလတိုစီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို ပြန်လည်သုံးသပ်ကြပြီး တွေ့ကြုံရသည့်အခက်အခဲများကို ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုရှာဖွေကြသည်။

ထို့နောက် အက်မက်စ်လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သုံးသပ်တင်ပြနိုင်ရန် ရည်ရွယ်၍ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ငါးဖွဲ့ ဖွဲ့စည်း၍ပူးပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဖွဲ့စည်းခဲ့သည့် လုပ်ငန်းအဖွဲ့ငါးဖွဲ့ကို အက်မက်စ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံစီက ပူးပေါင်းညှိနှိုင်းဆောင်ရွက်သူအဖြစ် တာဝန်ယူကြရမည်ဖြစ်ရာ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍကို တာဝန်ယူမည်ဖြစ်သည်။ စီမံကိန်း ၂၆ ခုကို မိတ်ဖက်နိုင်ငံများသို့ ချပြခဲ့သည်။

**ဆွေးနွေး**

မိတ်ဖက်နိုင်ငံများက အက်မက်စ် စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ပေးရန် စိတ်ဝင်စားမှုရှိကြောင်း ဆွေးနွေးကြသည်။ အက်မက်စ်ဘက်မှ တင်ပြသည့် စီမံကိန်းများကို လေ့လာသုံးသပ်ကြပြီး မိမိတို့ စိတ်ဝင်စားသည့် ကဏ္ဍအလိုက် မည်သို့ ပါဝင်ဆောင်ရွက်ကြမည်ကို အကြောင်းပြန်ကြားရမည်ဖြစ်သည်။

အစည်းအဝေးကာလတွင် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်သော ဂျပန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဂျပန်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီအတွင်းရေးမှူး Mr. Keishiro Fukushima က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ကိစ္စများကို ဆွေးနွေးခဲ့သည်။ ယင်းကဲ့သို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့်ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံမှူး ဦးစိုးလင်းဟန်တို့ တက်ရောက်ကြသည်။

ပြန်လည် ရောက်ရှိလာသော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အကြီးတန်းအရာရှိများ၊ ရန်ကုန်မြို့ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Opas Chantarasup တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ဧရာဝတီ၊ကျောက်ဖယား၊မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမဟာဗျူဟာ(အက်မက်စ်)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

**ပါဝင်လက်မှတ်ရေးထိုး**

အစည်းအဝေးအပြီးတွင် ဗီယက်နမ်နိုင်ငံအား အက်မက်စ်အဖွဲ့ဝင်အဖြစ် တရားဝင်လက်ခံသည့် အခမ်းအနားကို ကျင်းပရာ ယင်းသို့ လက်ခံနိုင်ရန်အတွက် ပုဂံကြေညာချက်၏ နောက်ဆက်တွဲစာချုပ်ကို အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ငါးဦးက လက်မှတ်ရေးထိုးကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ပါဝင်လက်မှတ်ရေးထိုးသည်။

အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အက်မက်စ် အဖွဲ့ဝင် နိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ပြင်သစ်၊ဂျာမနီ၊ဂျပန်၊ နယူးဇီလန်တို့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ အကြား ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ အက်မက်စ်နိုင်ငံများက အက်မက်စ်လုပ်ငန်းစဉ်များ အောက်ရှိ

## မြန်မာ့ရုပ်မြင်သံကြား

**၅-၁၁-၂၀၀၄**
**(သောကြာနေ့)**
**၁၃၆၆ ခုနှစ်**
**သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**
**(ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယာဉ်
- ၈:၂၅ ၈။ ဂုံညင်းတန်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ အဆိုပြိုင်ပွဲ
- ၁၇:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၅၀ ၉။ ဂီတမဟာပျော်စရာ
- ၁၈:၀၀ ၁၀။ မြန်မာစာ၊ မြန်မာစကား
- ၁၈:၁၀ ၁၁။ Discovery
- ၁၈:၂၀ ၁၂။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၂၆)
- ၁၉:၄၀ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင် **"ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ"** (အပိုင်း-၂) (ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ မေသဥ္ဇာဦး၊ ခိုင်သင်းကြည်) [ဒါရိုက်တာ-မောင်မျိုးမင်း၊ (ရင်တွင်းဖြစ်)]
- ၂၁။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

# ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း အလုပ်ရုံဆွေးနွေးပွဲတက်ရောက်အမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၄**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသည့် National Training Course on Flag Sate Implementation in Myanmar အခမ်းအနားကို နိုဝင်ဘာ ၁ရက် နံနက် ၈နာရီ တွင် ဒေါပုံမြို့နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ နှင့် လုပ်ငန်းများ၊ တက္ကသိုလ်နှင့်ကျောင်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)မှ အကြံပေးအရာရှိများဖြစ်ကြသော Capt.Eddie Agbakoba နှင့် Mr. Raymond C K Tang၊ ရှေ့နေချုပ်ရုံးမှ သင်တန်းသားများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ သင်တန်းသားများ၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံနှင့်ကမ်းလွန်ရေနံလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှသင်တန်းသားများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အခမ်းအနားစတင်ဖွင့်လှစ်ပြီး ဒုတိယဝန်ကြီးဦးဖေသန်းက အမှာစကားပြောကြားရာတွင် အပြည်ပြည် ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(IMO)၏ နည်းပညာကူညီပေးခြင်းအတွက် ကျေးဇူးတင်ကြောင်းနှင့် ယခုကဲ့သို့ သင်တန်းကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခွင့်ရသဖြင့် ဝမ်းမြောက်မိကြောင်း ပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းက ယခုသင်တန်းကို ဖွင့်လှစ်ရသော ရည်ရွယ်ချက်နှင့် ဦးတည်ချက်ကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(IMO)မှ အကြံပေးပုဂ္ဂိုလ် Mr. Eddie Agbakoba က ယခုသင်တန်းကို မြန်မာနိုင်ငံကလက်ခံကျင်းပပေးသည့်အတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(IMO)၏ အတွင်းရေးမှူးချုပ်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းမျိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် (IMO)၏ နည်းပညာအကူအညီဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၅ရက်အထိ ရက်သတ္တပတ်ကြာ ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# တိပိဋကကျောင်းတော်မဟာဘုံကထိန်လှူသင်္ကန်းဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၄**

(၂၄)ကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ရန်ကုန်တိုင်း ဒဂုံမြို့နယ် စကားဝါလမ်း အမှတ် ၁၂ တိပိဋကကျောင်းတော်၌ ၁၃၆၆ ခု တန်ဆောင်မုန်းလဆန်း ၈ရက်(နိုဝင်ဘာ၁၉ ရက်) သောကြာနေ့ မွန်းလွဲ၁နာရီအချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊အထက(၁)ဒဂုံ၊အထက(၃)ဒဂုံမိသားစုများနှင့် တိ=နိ ရာသက်ပန်အဖွဲ့ဝင်များစုပေါင်း၍ ဆရာတော် သံဃာတော် ၉၈ပါးတို့အား မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသွားမည်ဖြစ်ရာ မိမိတို့ တတ်စွမ်းနိုင်သမျှ ကြွရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# ထပ်မံသတင်းရရှိ

**ရန်ကုန် နိုဝင်ဘာ ၄**

၃-၁၁-၂၀၀၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ တွင် ဖော်ပြပါရှိသော ပထမအကြိမ်(၅)နိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေး ကျင်းပသတင်းတွင် ကုန်စည်ပြပွဲကျင်းပမည့်ရက်မှာ၂၀၀၄ခုနှစ် ဒီဇင်ဘာ၃ရက်မှ ၇ရက်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆက်ကပ်လှူဒါန်း

သန်လျင်မြို့ မဟာမဇ္ဈိမာရုံ ပရိယတ္တိစာသင်တိုက်၌ ကျိုက်ဖောဓိ ဂိုဏ်းလုံးဆိုင်ရာ ပဝါရဏာပြုပွဲ တွင် သံဃာတော်အပါး ၅၅၀ အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အောက်တိုဘာ ၂၈ရက်ကကျင်းပ ရာ ရွှေဥရတနာလေးထပ် ရွှေ ကျောင်းတော်အလှူရှင် ဒေါ်နုနုဝေ က ဆရာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)



# မိုးစပါးစံပြကွက် စမ်းသပ်ကွက်များ လက်တွေ့ပြသ

## စပါးအထွက်တိုးရေး နည်းပညာများ တောင်သူများအားရှင်းလင်းပြောကြား

မိုင်းဆတ် အောက်တိုဘာ ၂၅

**မိုင်းဆတ်မြို့နယ် ဝိန်းနေအုပ်စု ကွင်းအမှတ်(၁၃) ဝိန်းကောင်းအင်းကွင်းတွင် ဆောင်ရွက်ထားသော မိုးစပါး စံပြစမ်းသပ်ကွက်များကို တောင်သူများအား လက်တွေ့နည်းပညာ ပြသပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်က ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မိုင်းဆတ်ခရိုင်မန်နေဂျာ ဦးတင်လှိုင်နှင့် မြို့နယ် မန်နေဂျာ ဦးကျော်ဇေယျတို့က စံပြကွက် စမ်းသပ်ကွက်များဆောင် ရွက်ထားမှုအခြေအနေ၊ စပါးအထွက်တိုးရေး နည်းပညာ များကို ရှင်းလင်းပြောကြားပြီး တောင်သူများကမေးမြန်း သည်များကို ပြန်လည်ဖြေကြားသည်။

### လေ့လာကြည့်ရှု

ထို့နောက်မိုင်းဆတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ငွေးက အမှာစကားပြောကြားပြီး တောင်သူများနှင့် တက်ရောက်လာသူများက ရွှေရင်အေးစံပြကွက် တစ်ဧက၊ ဆင်းရွှေဝါစံပြကွက် တစ်ဧကနှင့် ရေဆင်း(၂) စံပြကွက် တစ်ဧကကိုလည်းကောင်း၊ မျိုးယှဉ်ပြိုင်ကွက် ငါးခုနှင့် ကောက်ကွက် ယှဉ်ပြိုင်စမ်းသပ်ကွက်ငါးခုကိုလည်းကောင်း၊ ဓာတ်မြေဩဇာနှင့် ဇီဝစုပါနှုန်းထားအမျိုးမျိုး စမ်းသပ်ကွက် ၁၂ ခုကို လည်းကောင်း လေ့လာကြည့်ရှုကြသည်။

**(အောက်ပုံ)**

မိုင်းဆတ်မြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး ဧက ၂၇၄၅၆ ဧကစိုက်ပျိုးထားပြီး ပန်းတိုင်နှုန်းရည်မှန်းဧက ၇၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **(က-ပ)**



## စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ဘောလခဲ အောက်တိုဘာ ၁၂**

ဘောလခဲမြို့ မိုင်းထန်း စံပြ ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးပညာတိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ပထမအကြိမ်စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်က အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကံထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်များတိုး ပွားရေးအတွက် လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား ပြီး စာကြည့်တိုက်သို့ စာအုပ်ပေါင်း ၅၃ အုပ် ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ဂန့်ဂေါ၌ကျင်းပ

## ပဏာမကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

**ဂန့်ဂေါ အောက်တိုဘာ ၂၆**

ဂန့်ဂေါမြို့တွင် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အခမ်းအနားကို အောက် တိုဘာ ၁၄ ရက်က ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမောင်မောင်က အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါကာကွယ်ရေးစီမံကိန်း ဒေသဆိုင်ရာမျက်စိအထူးကုဆရာဝန် ဒေါက်တာစရေလွင်က ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အကြောင်း သိကောင်း စရာများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

### ပို့ချဆွေးနွေး

ဆက်လက်၍ ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့် ပွဲကိုကျင်းပရာ သင်တန်းသို့တက်ရောက်လာကြသူများအား ဒေါက်တာစရေ လွင်က မျက်စိကျန်းမာရေးနှင့်ပတ်သက်၍ ပို့ချဆွေးနွေးကြောင်း သိရ သည်။ **(၂၇၃)**






## ကျေးလက်သတင်းနှင့် မြင်ကွင်း

**ဓနုဖြူမြို့နယ် နွေစပါးလျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး အတွက် အောက်တိုဘာ ၁၈ ရက်က ကျုံတနီးကျေးရွာအုပ်စု ညောင်ချောင်း ရေကျော်မြောင်းတူးဖော်ခြင်းနှင့် ဒိုက်များရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။** (ဝ၈၅)



# အုတ်ဖိုမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး လမ်းပြကြယ်စာကြည့်တိုက်ဖွင့်

**အုတ်ဖို နိုဝင်ဘာ ၂**

အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အိုင်ကြီးဒေါင့်ကျေးရွာ ပြည်သူများ ပူးပေါင်း၍ လမ်းပြကြယ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက် တိုဘာ ၃၀ရက်က အဆိုပါကျေးရွာ၌ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟန်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးမှူး ဒေါ်ငွေခင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။ **(အောက်ပုံ)**

ထို့နောက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးအုန်းလွင်-ဒေါ်ဖြူဖွေးတို့က တန်ဖိုး ကျပ်တစ်သိန်းငါးသောင်းတန် စာကြည့်တိုက်အဆောက် အအုံနှင့် ၁၇ လက်မ ရုပ်မြင်သံကြားစက် တစ်လုံးကို လည်းကောင်း၊ အိုင်ကြီးဒေါင့်ကျေးရွာ ဆရာဆရာမ များက ငွေကျပ် တစ်သောင်း ငါးထောင်တန် ဗီရိုတစ်လုံးနှင့် စာအုပ် မျိုးစုံ ၂၆၈ အုပ်ကို လည်းကောင်း၊ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ စာအုပ် မျိုးစုံ ၅၃ အုပ်ကို လည်းကောင်း၊ ကျေးရွာသူ ကျေးရွာ သားများက စာအုပ်မျိုးစုံ ၈၂ အုပ်ကိုလည်းကောင်း ပေးအပ် လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ ဆက်)**



**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## စာကြည့်တိုက်အကြောင်း သိကောင်းစရာဟောပြော

**တာချီလိတ် အောက်တိုဘာ ၂၅**

တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့်တာချီလိတ်ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက် အကြောင်းသိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင် တာလေမြို့ အခြေခံပညာအထက် တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအတူက အဖွင့်အမှာစကားပြော ကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးစိုးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးအောင်ဖြိုး ရှိန် (မောင်ယဉ်ကျေး)က စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရေးကိုလည်း ကောင်း ဟောပြောကြသည်။ **(၄၂၀)**



မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် အောက်တိုဘာ ၂၃ရက်က အလှူရှင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် တိုးချဲ့ကမ်းနားလမ်းနေ ဦးထွန်းရှိန်-ဒေါ်မြကြည်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၆၈)

# ကညွတ်ကွင်းမြို့တွင် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကျင်းပ

**ကညွတ်ကွင်း နိုဝင်ဘာ ၁**

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲနှင့် ပဝါရဏာလောင်းလှူပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်က မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲ ကျင်းပကြသည်။

**လောင်းလှူပွဲကျင်းပ**

ပူဇော်ပွဲတွင် ကညွတ်ကွင်း ကွင်းနောက်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အတွင်းရေးမှူး ဦးညွန့်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူး ဦးသောင်းဇံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ရပ်ကွက်ပေါင်း ၂၆ ရပ်ကွက်၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာဈေးနှင့် ငါးထပ်ကြီးဘုရားဝန်းအတွင်း ပူဇော်ထားသော နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံကြပြီး သံဃာတော်အပါး ၂၀၆ပါးတို့အား ပဒေသာပင်ပစ္စည်းနှင့် ဝတ္ထုငွေများ ပဝါရဏာလောင်းလှူပွဲကို (၁၉)ကြိမ်မြောက် ကျင်းပသည်။ **(၁၇၆)**

**အောက်တိုဘာ ၁၆ ရက်က သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒု-ဦးစီးမှူး(အခွန်) ဦးဆယ်မောင် အငယ်တန်းအင်/ယာ(၂) ဒေါ်ခင်မာမာဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဗိုလ်ချုပ်ပန်းခြံအတွင်း ဒေသနှင့်ကိုက်ညီသောပန်းများဖြင့် ပန်းမနောတိုင် ပြုလုပ်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ





## ချီးမြှင့်

**ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားအမျိုးသမီးအကြီးတန်းဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော စက္ကော့ဇုန် အမျိုးသမီးဘောလုံးအသင်းအား အောက်တိုဘာ ၁၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်က ဆုဖလားနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။** (ဝ၉၈)

# စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

**မအူပင် အောက်တိုဘာ ၂၇**

မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၃/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၈ရက်နံနက်က မအူပင်မြို့ အစိုးရကွန်ပျူတာကောလိပ်တွင် ကျင်းပရာ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က အဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဦးစီး အရာရှိ ဦးသန်းအောင်က စိတ်ဓာတ်တိုးတက်မြင့်မားရေး ဘာသာရပ်ကို ဟောပြောပို့ချ ဆွေးနွေးသည်။ **(၄၂၁)**



# ကွတ်ခိုင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ကွတ်ခိုင် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် ရပ်ကွက်(၁) အသင်းကရပ်ကွက်(၅)အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပထမရရှိသည့် ရပ်ကွက်(၁)အသင်းကို တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့်ငွေသားကျပ်တစ်သိန်းနှင့် ဒုတိယရရှိသည့် ရပ်ကွက်(၅) အသင်းကိုဆင့်ပွားဖလားနှင့် ငွေသားကျပ်ငါးသောင်းတို့ကို မြို့နယ် ဥက္ကဋ္ဌဦးတင်စိန်က ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍အကောင်းဆုံးအားကစားသမားငါးဆုနှင့်တတိယရရှိသည့်ရပ်ကွက်(၂)အသင်းကို ဆင့်ပွားဖလားနှင့် ငွေသားကျပ် သုံးသောင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီအဖွဲ့ဝင် ဦးနေမျိုးလှိုင် (လဝကမြို့နယ်မှူး/ဘောလုံးဥက္ကဋ္ဌ)က ချီးမြှင့်သည်။ **(က-ပ)**

# ကသာခရိုင် ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်

**ကသာ အောက်တိုဘာ ၃၀**

ကသာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ် ပေါင်းစုံဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ရက်က မီတာ ၄၀၀ အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) အခြေခံပညာ အထက်တန်းကျောင်းဘင်ခရာတီးဝိုင်းက ဖျော်ဖြေညှဉ့်ခံပြီး ပြိုင်ပွဲဝင်မြို့နယ်အသင်း(၇)သင်းတို့က ခရိုင်ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဌေးညွန့်အား ချီတက်အလေးပြုကြသည်။

ထို့နောက် ခရိုင်ခေတ္တဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ကောလင်းနှင့်ဗန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငါးဂိုး တစ်ဂိုးဖြင့် ကောလင်းက အနိုင်ရရှိသွားသည်။ **(ခရိုင် ပြန်/ဆက်)**



**ကျိုင်းတုံမြို့ ယန်း လော - ကတ်ထိုက်ကျေးလက် လမ်းကျောက်ချောင်းခြင်း လုပ်ငန်းကို အောက် တို ဘာ ၂၆ ရက် က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်သူမြင့် ဦးဆောင်၍လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးခင်ကျော်နှင့်တာဝန်ခံအင်ဂျင်နီယာဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ် စည်ပင်)

# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်ရေးဆွေးနွေး

ကြို့ပင်ကောက် အောက်တိုဘာ ၂၂

**မျိုးဆက်ပွားကျန်းမာရေးအတွက် ဆက်သွယ်ပညာပေးရေး စီမံချက်အရ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး မြို့နယ်အဆင့်လုပ်ငန်းရှင်းလင်းဆွေးနွေးပွဲကို ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် အောက်တိုဘာ၁၈ရက်က ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၂)ဦးမျိုးသွင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမြသောင်းတို့က အမှာစကား ပြောကြားကြသည်။ **(ယာပုံ)**

လုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမြသောင်း၊ ဗဟိုစီမံချက်တာဝန်ခံ၊ ဗဟိုကျန်းမာရေးပညာဌာနမှ ကျန်းမာရေးပညာအရာရှိ ဒေါ်စုစုနိုင်၊ ပဲခူးတိုင်းကျန်းမာရေးပညာအရာရှိ ဦးအောင်မင်းတို့က ရှင်းလင်းဆွေးနွေးကြပြီး အခြေခံ ကျန်းမာရေးဝန်ထမ်းများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆရာဖြစ်သင်တန်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၂ရက်အထိ ကျင်းပခဲ့သည်။

ကျန်းမာမှုဖွံ့ဖြိုးရေးဆိုင်ရာလှုပ်ရှားမှုလုပ်ငန်းကို စွန်နှစ်ရွာကျေးလက်ကျန်းမာရေးဌာနနှင့် ပြည်သူများ အထောက်အကူပြုအဖွဲ့လုပ်ငန်းများကို တစ်မြို့နယ်လုံးတွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၀)**



**ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အဖွဲ့သည် အောက်တိုဘာ၂၉ရက်က ပျဉ်းမကုန်း အရှေ့ကျေးရွာ၌ ဆောက်လုပ်ပြီးစီးနေထိုင်ကြသော မိသားစုများအား ကျေးလက် အိမ်ရာတွင် ရင်းရင်းနှီးနှီး တွေ့ရစဉ်။**

(မြို့နယ်စည်ပင်)



# အဆို၊အက၊အရေးအတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရှင်ကြီးများနှင့်အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံပွဲတက်ရောက်ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၄**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီးပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ပညာရှင်ကြီးများနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ☆



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အသက်အရွယ်ကြီးရင့်သူ အဆို၊အက၊အရေး၊အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲဦးစီးကော်မတီဝင် ပညာရှင်ကြီးများ၊ ဗဟိုအကဲဖြတ်အဖွဲ့ဝင်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို နေရာအရောက် လိုက်လံပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားစွာကျင်းပ

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ရန်ကုန် နိုဝင်ဘာ ၄**

မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသည့် ရည်ရွယ်ချက်(၆)ရပ်ဖြင့် အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာဖြင့် ခြိမ့်ခြိမ့်သဲကျင်းပခဲ့သော ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက အဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻



**ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အခြေခံပညာအဆင့်အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ မအိမ့်သရဖူအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

**ခေါင်းကြီး၊ဆောင်းပါး သတင်းအညွှန်း**

"နိုင်ငံတော်ကြီး၏အနာဂတ်ကို ဖန်တီးဖော်ဆောင်ရာတွင် မြန်မာ့မှု၊မြန်မာ့ဟန်၊မြန်မာ့တန်ဖိုး၊မြန်မာ့စံထားမှုများနှင့်အညီ တည်ဆောက်နိုင်ရန်အတွက် မြန်မာ့ယဉ်ကျေးမှုအနုပညာစွမ်းပကားဖြင့် တစ်ဖက်တစ်လမ်းက ကြိုးပမ်းစွမ်းဆောင်" ခေါင်းကြီး(စာ-၂)

"ဈေးကွက်လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းပေးရေး၊ အရည်အသွေးကောင်းသည်ထက်ကောင်းသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ပေးရေးနှင့် သုံးစွဲသူများ၏ ကျေနပ်မှုအပြည့်အဝရရှိစေရေးစသည့် အခြေခံမူသုံးရပ်နှင့်အညီ လုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိ" မောင်တင်လှိုင်(ဟိုတယ်/ခရီး)၏ ဆောင်းပါး(စာ-၁၀)

"နိုဝင်ဘာ ၃ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၃ ဦးရှိသွားပြီ" နိုင်ငံတကာသတင်း (စာ-၅)